ဧဝံဂေလိတရားကို ခုခံကာကွယ်ခြင်း

# ညီအစ်ကို *Witness Lee* ၏ အမှုတော်ကို မှားယွင်းစွာတင်ဆက် ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အိတ်ဖွင့်ပေးစာ

DCP PRESS

မူပိုင်ရှင်၏ ခွင့်ပြုချက် မရရှိဘဲ၊ ဂရပ်ဖစ်၊ အီလက်ထရွန်းနစ်၊ စက်မှုနည်းပညာဖြစ်သည့် မိတ္တူပွားခြင်း၊ အသံသွင်းခြင်း၊ သို့တည်းမဟုတ် သတင်းအချက်အလက် သိမ်းဆည်းခြင်းနှင့် ထုတ်နုတ်ခြင်းနည်းစနစ်များ စသည့် ပုံစံနည်းလမ်းတစ်မျိုးမျိုးသုံး၍ ဤစာအုပ်ရှိ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ပြန်လည်ထုတ်ဝေခြင်း၊ လွှင့်ထုတ်ခြင်း မပြုလုပ်ရ။

© 2018 DCP Press. All rights reserved.

1st printing, May 2018

DCP Press is an imprint of:

*Defense and Confirmation Project (DCP)*
P. O. Box 3217
Fullerton, CA 92834

DCP သည် Watchman Nee နှင့် Witness Lee ၏ ဓမ္မသစ်အမှုတော်နှင့် ဒေသန္တရအသင်းတော်များ၏လက်တွေ့ကျင့်သုံးမှုကို ကာကွယ်ရန်နှင့် အတည်ပြုရန်အလို့ငှာ စီမံချက် project တစ်ခုဖြစ်သည်။

ဖိ၊ ၁း၇ – ရှိသမျှသော သင်တို့၏အမှုအရာ၌ ဤသို့ ငါယူအပ်၏။ အကြောင်းမူကား၊ ငါသည် အကျဉ်းခံရသော်လည်းကောင်း၊ ဧဝံဂေလိတရားဘက်၌ သက်သေခံ၍၊ ထိုတရားကို တည်စေသော်လည်းကောင်း၊ သင်တို့သည် ငါ့ကို အောက်မေ့သောကြောင့်၊ သင်တို့အပေါင်းသည် ငါနှင့်အတူ ကျေးဇူးတော်ကို ဆက်ဆံသူချင်းဖြစ်ကြ၏။

အယ်ဒီတာများ၏မှတ်ချက် – ဤစာအုပ် (ဧဝံဂေလိတရားကို အတည်ပြုချက် – ဒေသန္တရအသင်းတော်များနှင့် *Living Stream Ministry* ၏သွန်သင်ခြင်းများ) ၏ခေါင်းစဉ် အဖြစ်အသုံးပြုသည့် *ဧဝံဂေလိ* ဟူသည်မှာ စာဖတ်သူအချို့က နားလည်ခဲ့သည်ထက် ပို၍ကျယ်ပြန့်သောအဓိပ္ပာယ်ရှိပါသည်။ ဓမ္မသစ်ကျမ်းတွင် ကြေငြာထားသည့် သတင်းကောင်း၏ကြွယ်ဝပြည့်စုံမှုမှာ ကိုယ်တော်၏ အကြံအစည်တော် ပြည့်စုံစေရန် ဘုရားသခင်၏လှုပ်ရှားလုပ်ဆောင်မှုတစ်ခုလုံးကို အကျုံးဝင်စေပါသည်။ ထို့ကြောင့် ပြည့်စုံသော ဧဝံဂေလိတရားတွင် "ဧဝံဂေလိတရား၏သမ္မာတရားစကား"မှတစ်ဆင့် တမန်တော်များ၏သွန်သင်ခြင်း၌ ဖွင့်ပြသည့်သမ္မာတရားအားလုံးပါဝင်ပေသည်(ကော၊ ၁း၅။ ဧ၊ ၁း၁၃။တ၊ ၂း၄၂။ တိတု၊ ၁း၉)။

# ပါဝင်သောအကြောင်းအရာများ

ညီအစ်ကို Witness Lee ၏ အမှုတော်ကို မှားယွင်းစွာတင်ဆက်
ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အိတ်ဖွင့်ပေးစာ

နိဒါန်း 5

သမ္မာကျမ်းစာ 7

ကယ်တင်ခြင်း 13

အသင်းတော် 25

နိဂုံး 31

# ညီအစ်ကို Witness Lee ၏ အမှုတော်ကို မှားယွင်းစွာတင်ဆက်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အိတ်ဖွင့်ပေးစာ

## နိဒါန်း

ပြီးခဲ့သောနှစ်များတွင် အမေရိကန်၌ မြန်မာခရစ်ယာန်အသင်းအဖွဲ့ ခြောက်ဖွဲ့ပါဝင်သော အုပ်စုတစ်စုသည် ဒေါက်တာသိန်းဌေး၏ သွန်သင်ခြင်းကို ဆန့်ကျင်သော ကြေညာချက်များကို အများသိစေရန် ထုတ်ပြန်ခဲ့ကြသည်။ သူတို့သည် ထိုသွန်သင်ခြင်းကို Witness Lee နှင့် ဒေသန္တရ အသင်းတော်များ၏ သွန်သင်ခြင်းနှင့် တန်းတူထား၍၊ ယင်းတို့ကိုလည်း စီရင်ခဲ့ကြသည်။ သူတို့က Witness Lee ၏ အမှုတော်ကို "နက်ရှိုင်းစွာ သုံးသပ်၊ လေ့လာခဲ့ပြီးဖြစ်သည်"ဟု ပြောဆိုထားသည်။ သို့သော်လည်း လွန်ခဲ့သောနှစ်များစွာက အခြားသူများပြုခဲ့သည့် တူညီသော ငြင်းဆိုမှုများနှင့် တူညီသော ကိုးကားပြောဆိုမှုအချို့ကို အသုံးပြုထားကြသောကြောင့် ထိုအရာမှာ မမှန်ကန်ကြောင်း ပေါ်လွင်နေသည်။ ကျွန်ုပ်တို့သည် ထိုငြင်းခုံမှုများကို အဖြေပေးခဲ့ပြီးဖြစ်၍၊ ကိုးကားချက်များမှာ ထိုအကြောင်းအရာများ[1] မှ ကောက်နုတ်ထားခြင်း ဖြစ်ကြောင်း ဖော်ပြပေးလိုက်ပါသည်။ Fuller Theological Seminary နှင Christian Research Institute အပါအဝင် Witness Lee ၏ အမှုတော်ကို စေ့စပ်သေချာစွာ ဘက်မလိုက်ဘဲ လေ့လာခဲ့ကြသောသူတို့က Witness Lee ၏ သွန်သင်ခြင်းသက်ဝင်ယုံကြည်မှုနှင့် သူ၏ အမှုတော်ကို လက်ခံသော ဒေသန္တရအသင်းတော်များ၏ စစ်မှန်သော ကျင့်သုံးလုပ်ဆောင်မှုကို လူသိထင်ရှားအတည်ပြုခဲ့ပြီးဖြစ်သည်။[2]

ကျွန်ုပ်တို့ပြသထားသည့်အတိုင်း အချို့ကိစ္စရပ်များတွင် လက်မှတ်ရေးထိုးသူများ ဆန့်ကျင်ထားသည့် သွန်သင်ခြင်းများမှာ ကျမ်းစာ ဆိုင်ရာဖြစ်၍၊ ခရစ်ယာန်များကို အတိ

---

[1] ဥပမာ၊ မေးခွန်း၌ရှိသော အချက်များကို ထပ်တိုး၍ လေ့လာရန်အတွက် မှိုင်ငြမ်းစရာများစွာကို ပေးထားသည့် *A Defense of the Gospel: Responses to an Open Letter* from "Christian Scholars and Ministry Leaders," volumes 1 and 2 (Fullerton: DCP Press, 2010) နှင့် https://an-open-letter.org တို့တွင် ကြည့်ပါ။

[2] Witness Lee ၏ သွန်သင်ခြင်းမူရင်းနှင့် ဒေသန္တရအသင်းတော်များ၏ လက်တွေ့လုပ်ဆောင်မှုတို့ကို အတည်ပြုပေးကြသည့် ခရစ်ယာန်ပညာရှင်များနှင့် အမှုတော်ဦးဆောင်သူများ၏ သက်သေခံချက်များအတွက် https://an-open-letter.org တွင် ကြည့်ပါ။

အလင်းထုတ်ဖော်ပြောဆိုခြင်းအားဖြင့် လူသိရှင်ကြားစွပ်စွဲရှုတ်ချခြင်း မပြုလုပ်သင့်သောအရာများဖြစ်သည်။ အခြားအချက်များ၌ ကိုးကားညွှန်းဆိုထားသည့် သွန်သင်ခြင်းများမှာ Witness Lee ၏သွန်သင်ခြင်းကို မှားယွင်းစွာဖော်ပြထားသည့် စိုးရိမ်ရသောအကြောင်းအရာဖြစ်သည်။ ဒေါက်တာဌေး၏ပုံနှိပ်ထုတ်ဝေခြင်းများနှင့် ပြောဆိုဝေငှချက်များကို လေ့လာခြင်း မရှိသေးသောကြောင့်၊ ကျွန်ုပ်တို့သည် ထိုအကြောင်းနှင့် သက်ဆိုင်သော ကြေညာချက်အပိုင်းများကို လိပ်မူဖော်ပြမည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် ကြေညာချက်များ၌ မဟုတ်မမှန်ငြင်းဆိုဖော်ပြထားသည့် အချက်တို့အပေါ်တွင် Witness Lee ၏သွန်သင်ခြင်းကျမ်းစာဆိုင်ရာ စစ်မှန်သော သက်ဝင်ယုံကြည်မှုကို အတည်ပြုရန်နှင့် လူသိထင်ရှားဝေဖန်မှုတို့၌ Witness Lee ၏သွန်သင်ခြင်းကို လွဲမှားစွာဖော်ပြထားသော ဖော်ပြချက်များကို အမှန်ပြင်ပေးရန်တည်းဟူသော ဤနှစ်ခုလုံးအတွက် ဤအိတ်ဖွင့်ပေးစာကို ပေးရခြင်းဖြစ်သည်။ ဤပြန်ဆိုချက်ကို ဆုတောင်းခြင်းအပြည့်ဖြင့် လက်ခံရယူကြရန်နှင့် ဤပြန်ဆိုချက်သည် ကြေညာချက်များကို လက်မှတ်ရေးထိုးထားသည့် ခရစ်ယာန် အသင်းအဖွဲ့များနှင့်လည်းကောင်း၊ ထိုကြေညာချက်၌ပါဝင်သည့် တိုက်တွန်းချက်များအားဖြင့် ထိမိ၍လဲစရာဖြစ်သွားသော ယုံကြည်သူချင်းတို့နှင့်လည်းကောင်း သင့်တင့်လျောက်ပတ်သော ခရစ်ယာန်တို့၏အပြန်အလှန်ဆွေးနွေးခြင်းကို အားပေးမြှင့်တင်ပေးလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့မျှော်လင့်ပါသည်။[3]

နောက်ဆက်တွဲအကြောင်းအရာတို့၌ သမ္မာကျမ်းစာ၊ ကယ်တင်ခြင်း၊ အသင်းတော်တို့အပေါ် ကျွန်ုပ်တို့၏အမြင်ရှုထောင့်နှင့်စပ်လျဉ်း၍ Witness Lee နှင့် ကျွန်ုပ်တို့သည် မှားယွင်းနေကြသည်ဟူသော ခရစ်ယာန်အသင်းအဖွဲ့တို့၏စွပ်စွဲချက်များကို လိပ်မူဖော်ပြမည်ဖြစ်သည်။

[3] မျှမျှတတဆုံးဖြတ်တတ်သော ယုံကြည်သူများအားလုံးထံမှ မိတ်သဟာယဖွဲ့ခြင်းနှင့် မေးခွန်းများကို ကျွန်ုပ်တို့ ကြိုဆိုလျက်ရှိပါသည်။ မိတ် သဟာယဖွဲ့ခြင်း လွယ်ကူချောမွေ့စေရန် ကျေးဇူးပြုပြီး အောက်ဖော်ပြပါအီးမေးလ်လိပ်စာများတွင် ဦးစွာ စာရေးသားပေးပို့စေလိုပါသည်။ myanmargospelbookroom@gmail.com (မြန်မာပြည်အတွက်)၊ openletterfellowship.ok@gmail.com (အမေရိကအတွက်)။

## သမ္မာကျမ်းစာ

ကြေညာချက်ကို လက်မှတ်ရေးထိုးထားသူများက ဓမ္မဟောင်းနှင့် ဓမ္မသစ်ပါဝင်သော သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားဆိုင်ရာ စေ့ဆော်ရေးသားထားသော ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း သူတို့၏ယုံကြည်ခြင်းကို ထုတ်ဖော်ပြောဆိုထားသည်။ ကွဲလွဲခြားနားသော သူတို့၏အကြံပြုချက်များမှအပ ကျွန်ုပ်တို့သည်လည်း ထိုနည်းတူ ယုံကြည်ကြသည်။ Watchman Nee နှင့် Witness Lee ၏ စာအုပ်များကို ထုတ်ဝေသည့် ဒေသန္တရအသင်းတော်များနှင့် Living Stream Ministry မှ ထုတ်ဝေသည့် ယုံကြည်ခြင်းနှင့်စပ်လျဉ်းသော ထုတ်ပြန်ချက်၌ ကျွန်ုပ်တို့၏ခိုင်မာသော အတည်ပြုချက်၏ ပထမဆုံးသောအထောက်အထားမှာ သမ္မာကျမ်းစာသည် အကယ်စင်စစ် စေ့ဆော်ခြင်းခံရသော ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည် ဟူသောအချက်ဖြစ်သည်။

> သမ္မာကျမ်းစာသည် စကားလုံးတစ်လုံးချင်းစီကို ဘုရားသခင်၏စေ့ဆော်မှုအောက်တွင် ရေးသားထားသည့် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ပြီး (၂တိ၊ ၃း၁၆)၊ ယင်းသည် လူထံသို့ ဘုရားသခင်၏ပြည့်စုံသော၊ တစ်ခုတည်းသော ရေးသားထားသည့် ဘုရားဆိုင်ရာဖွင့်ပြခြင်းဖြစ်သည် (တရား၊၄း၂။ ၁၂း၃၂။ သု၊ ၃၀း၅–၆။ ဗျာ၊၂၂း၁၈–၁၉)။[4]

Witness Lee သည် သမ္မာကျမ်းစာကို နက်ရှိုင်းစွာ ရိုသေလေးမြတ်၍၊ ကျမ်းစာကို နှစ်ပေါင်းခုနစ်ဆယ်ကျော်မက လုံ့လဝီရိယစိုက်၍ လေ့လာခဲ့ပြီး– "သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားသခင်ထံမှ အစပြုသည်။ စကားလုံးတိုင်း၊ ဝါကျတိုင်း၊ ဗိန္ဒုတိုင်း၊ ခေါင်းစဉ်တိုင်းသည် (မ၊၅း၁၈) ဘုရားသခင်စေ့ဆော်မှုကြောင့် ဖြစ်သည်။ ထို့ကြောင့် လူတို့သည် သန့်ရှင်းသောကျမ်းစာ၌ မည်သည့်အရာကိုမျှ ထပ်ထည့်ခြင်း သို့မဟုတ် နုတ်ယူခြင်းမပြုသင့် (ဗျာ၊၂၂း၁၈–၁၉)"[5] ဟု ပြောဆိုခဲ့သည်။ ကျွန်ုပ်တို့အား ဆန့်ကျင်သော လက်မှတ်ရေးထိုးထားသူတို့၏ စွပ်စွဲပြောဆိုချက်များနှင့် ခြားနားစွာပင်၊ သမ္မာကျမ်းစာသည် လူထံသို့ ဘုရားသခင်အားဖြင့် စေ့ဆော်ဖွင့်ပြခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ အခိုင်အမာယုံကြည်၍၊ သွန်သင်ကြသည်။

---

[4] https://an-open-letter.org/en/our-faith/ တွင် ရရှိနိုင်ပါသည်။

[5] Witness Lee, *Truth Lessons, Level 1, Vol. 1* (Anaheim: Living Stream Ministry, 1985), 4. ဤစာ၌ ကိုးကားထားသော Witness Lee ရေးသားထားသည့် စာအုပ်များအားလုံးကို https://ministrybooks.org တွင် အခမဲ့ဖတ်ရှုလေ့လာနိုင်ပါသည်။

လက်မှတ်ရေးထိုးသူများက ကျွန်ုပ်တို့အား သမ္မာကျမ်းစာကို ကျွန်ုပ်တို့၏ "ခံစားချက်နှင့် အတွေ့အကြုံ"အတိုင်း အနက်ပြန်ဆိုကြသည် ဟူ၍လည်း စွပ်စွဲထားပြီး၊ ကျွန်ုပ်တို့အဖို့ သမ္မာကျမ်းစာသည် "ဝိညာဉ်ဆိုင်ရာအသက်တာကို လမ်းညွှန်ပေးနေသည့် လုံးလုံးမှန်ကန်သော သမ္မာတရား မဟုတ်ပါ"ဟု ထုတ်ဖော်ပြောဆိုထားသည်။ သို့သော် Witness Lee က ကျွန်ုပ်တို့အား "ကျမ်းစာကို ကျမ်းစာအားဖြင့် အနက်ပြန်ဆိုရန်"[6] ဆိုလိုသည်မှာ "သန့်ရှင်းသောနှုတ်ကပတ်တော်ရှိ ကျမ်းပိုဒ်တစ်ပိုဒ်သည် ကျမ်းစာ၏ ကျန်အပိုင်းများက ထိုတစ်ပိုဒ်ကို အဓိပ္ပာယ် ဖွင့်ဆိုပေးရန် တောင်းဆိုသည်"[7] ဟူသော အလေ့အလာကို စောင့်ထိန်းရန် သွန်သင်ခဲ့သည်။ နှစ်ပေါင်းခုနစ်ဆယ်ကျော်မက ဖြတ်သန်းခဲ့သောအမှုတော်၌ Witness Lee က တစ်စုံတစ်ဦး၏ အတွင်းပိုင်းခံစားချက်သည် ကျမ်းစာ၏ အခွင့်အာဏာကို အစားထိုးသည် သို့မဟုတ် ကျမ်းစာသည် ယုံကြည်သူတို့၏ ဝိညာဉ်ဆိုင်ရာအသက်တာအတွက် လုံးလုံးဖြစ်သောသမ္မာတရားကို ဖွင့်ပြသယ်ဆောင်ခြင်းမပြုပါ ဟူ၍ တစ်ကြိမ်တစ်ခါမျှ အကြံပြုပြောဆိုခဲ့ခြင်းမျိုးမရှိပါ။ ဆန့်ကျင်ဘက်အနေဖြင့် သူသည် ခရစ်တော်ကို ယုံကြည်သူတို့၏ အတွင်းပိုင်း ကျကျ တွေ့ကြုံခံစားခြင်းကို အတည်ပြုခဲ့သည်၊ သို့သော် ထိုကဲ့သို့ အတွင်းပိုင်းတွေ့ကြုံခံစားမှုတိုင်းသည် ကျမ်းစာ၏ သွန်သင်ခြင်းနှင့် ၎င်း၏မူ အလေ့အလာအတိုင်း ဖြစ်ရမည်၊ သို့မဟုတ်ပါက ထိုကဲ့သို့သောတွေ့ကြုံခံစားခြင်းသည်ပင် ယုံကြည်စိတ်ချ၍ မရနိုင်ကြောင်းလည်း သွန်သင်ခဲ့သည်။

မြန်မာဘာသာသို့ ပြန်ဆိုထားပြီးဖြစ်သည့် Witness Lee ၏စာအုပ်ဖြစ်သော *အသက်ကို သိကျွမ်းခြင်း* စာအုပ်၌၊ Witness Lee က ယုံကြည်သူတို့သည် အသက်၏တရားအားဖြင့် ပေးအပ်ထားသော အတွင်းအာရုံ (ရော၊ ၈း ၂) နှင့် ဘိသိက်တော်၏သွန်သင်ခြင်းအားဖြင့် (၁ယော၊ ၂း ၂၇) ဘုရားသခင်ကို သိကျွမ်းနိုင်ကြသည်။ သို့သော်လည်း ယုံကြည်သူတို့သည် ပုံမှန်ထက်ပိုသော ကျမ်းစာဆိုင်ရာ ဝိညာဉ်ဆိုင်ရာ အစွန်းရောက်မှုများအထဲသို့ လမ်းလွဲသွားခြင်းမှ စောင့်ထိန်းခံရရန်အတွက် အသက်၏တရားနှင့် ဘိသိက်တော်၏သွန်သင်ခြင်းအားဖြင့် ပေးအပ်ထားသည့် – စစ်မှန်သောအတွင်းပိုင်းတွေ့ကြုံခံစားမှု – အတွင်းအာရုံသည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အတည်ပြုခြင်း ရှိသင့်ကြောင်း ရေးသားထားသည်။

---

6 Witness Lee, *The Fulfillment of the Tabernacle and the Offerings in the Writings of John* (Anaheim: Living Stream Ministry, 1991), 24 ကို ကြည့်ပါ။

7 အထက်တွင် ဖော်ပြခဲ့ပြီးသောမှတ်စုအညွှန်းကို ကြည့်ပါ။

> အသက်၏တရားနှင့် ဘီသိက်ပေးခြင်း၏ သွန်သင်ခြင်းအားဖြင့် ကျွန်ုပ်တို့ထံ ပေးထားသော အတွင်းပိုင်းခံစားမှုသည် ကျွန်ုပ်တို့အား ဘုရားသခင်ကို သိကျွမ်းစေသည်။ သို့သော် ဤအတွင်းပိုင်းခံစားမှုသည် လုံးဝစစ်မှန်၊ မှန်ကန်သော်လည်း၊ ယင်းသည် ကျမ်းစာ၏ သွန်သင်ခြင်းနှင့် အလေ့အလာများအားဖြင့် သက်သေပြရန် လိုအပ်နေဆဲဖြစ်သည်။ ကျွန်ုပ်တို့အတွင်းပိုင်းရှိ အသိစိတ်သည် ကျမ်းစာ၏သွန်သင်ခြင်းနှင့် အလေ့အလာများအတိုင်း မဟုတ်ခဲ့လျှင်၊ ယင်းကို ကျွန်ုပ်တို့လက်မခံသင့်ပေ။ ဤနည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည် လှည့်စားခံရခြင်း သို့မဟုတ် အစွန်းရောက်သွားခြင်းမှ ကာကွယ်စောင့်ထိန်းခံရနိုင်ပြီး၊ ကျွန်ုပ်တို့သည် မှန်ကန်မှုရှိကာ တည်ငြိမ်မှုရှိမည်ဖြစ်သည်။[8]

ကျမ်းစာကို စစ်မှန်စွာသိကျွမ်းခြင်းရှိရန်နှင့် ထိုသို့အားဖြင့် ဝိညာဉ်ဆိုင်ရာလွန်ကဲမှုအထဲသို့ လမ်းလွဲသွားခြင်းမှ စောင့်ကြပ်ကာကွယ်ခြင်းခံရရန်အတွက်၊ ခရစ်ယာန်တစ်ဦးသည် ကျမ်းစာကို လုံ့လဝိရိယစိုက်၍ လေ့လာရမည်ဖြစ်သည်။ သို့သော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ ကြေညာချက်ကို လက်မှတ်ထိုးသူများက ကျွန်ုပ်တို့သည် "စံချိန်စံနှုန်းနှင့်အညီ" သမ္မာကျမ်းစာကို "ဖတ်ရှု၊ လေ့လာ၊ ဆည်းပူးကြခြင်း မရှိကြောင်း" ပြောဆိုထားသည်။ သို့သော် Witness Lee က သူ၏အမှုတော်အောက်၌ရှိသော ယုံကြည်သူတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်၌ရှိသော သမ္မာတရားကို လုံ့လဝိရိယစိုက်လျက် လေ့လာဆည်းပူးခြင်းရှိရန် ခိုင်မာစွာနှိုးဆော်ထားပြီး၊ ကျမ်းစာကို မည်သို့ လေ့လာရမည်၊ ထိုအထဲ၌ ပါဝင်သောဖွင့်ပြခြင်းကို မည်သို့ပြောထွက်ရမည် ဟူသည်ကို လေ့ကျင့်သင်တန်းပေးခြင်းအတွက် မရေတွက်နိုင်သော အခွင့်အရေးများစွာကို ထောက်မပေးခဲ့သည်။ သူ၏အမှုတော်မှ အောက်ပါစာပိုဒ်များမှာ – များစွာသော ဥပမာများမှနစ်ခု – ဤအချက်ကို ပြသနေသည်။

> တိမောသေဒုတိယစာစောင်၌ အရေးကြီးသောအကြောင်းအရာသုံးခုကို ဖော်ပြထားသည်– သမ္မာတရားကို ဆည်းပူးခြင်း၊ အသက်၌ ကြီးထွားခြင်းနှင့် လုံ့လဝိရိယရှိခြင်း(ကြိုးစားအားထုတ်ခြင်း) တို့ဖြစ်သည်။ သင်သည် ဤအရာတို့ကို ဖတ်ရှုပြီးနောက် မြန်ဆန်စွာပင် ၎င်းတို့ကို လျစ်လျူရှုထား၍ မရနိုင်ပါ။ ပေါလုသည် တိမောသေအား "သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာတရားစကားကို မှန်ကန်စွာ ပိုင်းဖြတ်တတ်သောသူဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုယ်ကိုယ်ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့" (၂း၁၅) ဟု ပြောခဲ့သည်။ သမ္မာတရားစကားကို ပိုင်းဖြတ်ခြင်းသည်

---

[8] Witness Lee, *အသက်ကို သိကျွမ်းခြင်း* (မြန်မာဧဝံဂေလိစာပေဌာန – ၂၀၁၅) စာ ၂၂၅။

ကျမ်းစာကို သာမန်ကာလျှံကာ ဖတ်ရှုခြင်းအားဖြင့် မပြီးမြောက်နိုင်ပါ။ ထို အစား ကျွန်ုပ်တို့သည် သမ္မာတရား၏နက်နဲမှုကို လေ့လာရန်လိုအပ်သည်။ ဥပမာ အနေဖြင့် ခွဲစိတ်ဆရာဝန်တစ်ဦးသည် ကောင်းမွန်သော ခွဲစိတ်ဆရာဝန် ဖြစ်လာ နိုင်ရန်အတွက် ခွဲစိတ်သည့် အတတ်ပညာကို ကောင်းစွာတိုးတက်စေရန် လိုအပ် သကဲ့သို့ဖြစ်သည်။ သူသည် လူသားခန္ဓာကိုယ်၏နက်နဲမှုကို လေ့လာရန်နှင့် ခွဲစိတ် ခြင်းကို အကြိမ်ပေါင်းများစွာ လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည်။ ထိုနည်း တူပင် သင်သည် သမ္မာတရားစကားကိုမှန်ကန်စွာပိုင်းဖြတ်လိုသည်ဆိုပါက၊ သမ္မာ တရားအထဲသို့ ဝင်ရောက်သွားရန် အချိန်နှင့်စွမ်းအင်ကို အသုံးပြုရန် လိုအပ် သည်။ ဤအရာကို တစ်ရက် သို့မဟုတ် နှစ်ရက်ဖြင့် ပြီးမြောက်နိုင်မည် မဟုတ် ပါ။[9]

အနာဂတ်၌ များစွာသောကျွန်ုပ်တို့သည် သမ္မာကျမ်းစာအတိုင်း ဝေငှချက်တို့ကို ပေးရန် တတ်စွမ်းနိုင်ကြမည်ဖြစ်သည်။ လူတို့၏ စိတ်ဝင်စားမှုကို လှုံ့ဆော်ပေး သော ဝေငှချက်ပေးရန်နည်းလမ်းမှာ ကျမ်းစာအတိုင်းပြောဆိုရန်၊ ဆိုလိုသည် မှာ ကျမ်းစာကို အသေးစိတ်ဖွင့်ဆိုရှင်းပြခြင်းအားဖြင့် ပြောဆိုရန်ဖြစ်သည်။ ဤ သည်မှာ ပြောဆိုဝေငှရန် တန်ခိုးအပါဆုံးသော နည်းလမ်းဖြစ်သည်။ ကျမ်းစာ၏ စံချိန်စံနှုန်းကို ပြည့်မီနိုင်သော စာအုပ်တစ်အုပ်မျှမရှိပါ။ ထို့ကြောင့် ဝေငှချက် ပေးရန် အကောင်းဆုံးသောနည်းလမ်းမှာ ကျမ်းစာကို အသေးစိတ် ဖွင့်ဆိုရှင်းပြ ရန်ဖြစ်သည်။ သို့သော် ထိုသို့ပြုရန်အတွက် ကျမ်းစာကို အကုန်အစင်သိကျွမ်း ခြင်းရှိရန် လိုအပ်သည်။ ထိုကဲ့သို့သော သိကျွမ်းခြင်းကို ရရှိနိုင်ရန် ကျယ်ပြန့် သော လေ့ကျင့်သင်ယူခြင်းရှိကြရမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်း ၌ ကောင်းမွန်သောတိုက်မြစ်ကိုချရန် နောက်ထပ်လေးနှစ်အသုံးပြုကြရမည်ဖြစ် သည်။ ကျွန်ုပ်တို့သည် ပေါလု၏ဩဝါဒစာတစ်ဆယ့်လေးစောင်နှင့် အစပြုနိုင် ပြီး၊ ထိုအရာတို့ကို ရောမစာစောင်မှစ၍ အစဉ်လိုက်ဖတ်ရှုနိုင်သည်။ ဩဝါဒစာ တစ်ဆယ့်လေးစောင်ပြီးနောက် ကျွန်ုပ်တို့သည် ဧဝံဂေလိကျမ်းများ၊ တမန်တော်၊ ယာကုပ်နှင့် ဗျာဒိတ်အထိ ဖတ်ရှုနိုင်သည်။[10]

---

[9] Witness Lee, *Vessels Useful to the Lord* (Anaheim: Living Stream Ministry, 2003), 96-97.

[10] Witness Lee, *The Proper Aggressiveness of the Lord's Serving Ones* (Anaheim: Living Stream Ministry, 2008), 25.

ကြေညာချက်ကို လက်မှတ်ထိုးသူများက Living Stream Ministry အားဖြင့် ထုတ်ဝေထားသည့် သမ္မာကျမ်းစာ ပြန်လည်ရယူခြင်းကျမ်းမူကို ပစ်မှတ်ထားပြောဆိုကြပြီး၊ ၎င်းကို ဒေသန္တရအသင်းတော်များ၏ "လက်စွဲကျမ်းစာအုပ်"ဟုခေါ်ဆိုကာ၊ ၎င်းသည် "Witness Lee ၏ အနက်ပြန်ဆိုချက်များကို ပေါင်းချုပ်ထားခြင်းဖြစ်သည်"ဟု ပြောဆိုကြသည်။ ထိုသို့ပြုခြင်းအားဖြင့် သူတို့သည် ပြန်လည်ရယူခြင်းကျမ်းမူကို မှားယွင်းသောသြဝါဒများ ဖြန့်ချီရာလမ်းကြောင်းအဖြစ် ပြောဆိုကာ၊ ၎င်းအပေါ် ယုံကြည်မှုကင်းမဲ့စေရန် ရည်ရွယ်ကြသည်။ သို့သော်လည်း ပြန်လည်ရယူခြင်းကျမ်းမူသည် မူရင်းဘာသာစကားမှ သစ်လွင်လန်းဆန်းစွာပြန်ဆိုထားခြင်းဖြစ်ပြီး၊ ဓမ္မသစ်ကျမ်းအတွက် အရင်းအမြစ်မှာ *Novum Testamentum Graece* ၏ ၂၆ ကြိမ်မြောက်တည်းဖြတ်ထုတ်ဝေထားသည့် the Nestle-Aland Greek text မှပြန်ဆိုထားပြီး၊ ဓမ္မဟောင်းကျမ်းအတွက် အရင်းအမြစ်မှာ *Biblia Hebraica Stuttgartensia* ၏ ၁၉၉၀ ၌ပြန်လည်တည်းဖြတ်ထုတ်ထားသောမူမှ ပြန်ဆိုထားသည်။ Eminent ကျမ်းစာဆိုင်ရာပညာရှင် F.F. Bruce က ပြန်လည်ရယူခြင်းကျမ်းမူကို ချီးကျူးလက်ခံခဲ့ပြီး၊ "ဤကျမ်းမူကို အသုံးပြုသောသူသည် အလေးထားအပ်သော ကျမ်းစာသား၌ ပြောဆိုထားသောအရာ၏ ရှင်းလင်း တိကျသောအမြင်ကို ရရှိလိမ့်မည်ဖြစ်ကြောင်း"[11] ပြောဆိုခဲ့သည်။

ကျမ်းစာဖတ်ရှုသူတို့အား ကျမ်းစာကို လေ့လာရာ၌ အထောက်အကူဖြစ်စေရန်၊ Witness Lee သည် ဓမ္မသစ်ကျမ်း၏စာစောင်တိုင်းအတွက် ကျယ်ပြန့်စွာလေ့လာနိုင်သောမှတ်စုများကို ရေးသားခဲ့သည်။ ဓမ္မဟောင်းကျမ်းအတွက် Living Stream Ministry ၏အယ်ဒီတာအဖွဲ့က Witness Lee ၏အမှုတော်မှ လေ့လာရန်မှတ်စုများကို စုစည်းပေးထားသည်။ ဤအရာသည် အခြားသော လေ့လာရန်သမ္မာကျမ်းစာ(study Bibles) များနည်းတူဖြစ်၍၊ အနည်းစုကို အမည်တပ်၍ ပြောဆိုရလျှင် John Nelson Darby, C. I. Scofield နှင့် Charles Ryrie တို့အပါအဝင် ကျမ်းစာကို ရှင်းလင်းအနက်ဖွင့်ဆိုသူတို့က ထုတ်ဝေသည့် လေ့လာရန်သမ္မာကျမ်းစာများနှင့် ခြားနားစေခြင်း မရှိသင့်ပါ။ သူ၏အမှုတော်၌ Witness Lee သည် ဤအနက်ဖွင့်ဆိုသူများဖြစ်သော Marvin Vincent, W.E. Vine နှင့် Henry Alford တို့အပါအဝင် အခြားသူများထုတ်ဝေခဲ့သည့်အရာများကို လေ့လာခြင်းများမှ များစွာအကူအညီရရှိခဲ့ပြီး၊ ဤလေ့လာမှုတို့၏လွှမ်းမိုးမှုများကို ပြန်လည်ရယူခြင်းကျမ်းမူ၌ မြင်တွေ့ရသည်။ Witness Lee အားဖြင့် ရေးသားခဲ့သောမှတ်စုများနှင့် သူ၏အမှုတော်မှ စုစည်းထားသောမှတ်စုများအားလုံးသည် "သမိုင်းကြောင်း၊ ပထဝီအနေအထားနှင့် လူပုဂ္ဂိုလ်များထက် သမ္မာတရားဖွင့်ပြခြင်း၊

[11] F.F. Bruce ထံမှ ပေးစာ၊ November 23, 1982.

ဝိညာဉ်ဆိုင်ရာအလင်းနှင့် အသက်၏မစမှုကို အလေးပေးထားပြီး၊"[12] ဤဗဟိုပြုချက်သည် သမိုင်းကြောင်း၊ ပထဝီအနေအထား စသည့်အကြောင်းအရာတို့ကို အဓိကအလေးထားယူဆောင်ကြသည့် အခြား လေ့လာရန်သမ္မာကျမ်းစာတို့မှ ပြန်လည်ရယူခြင်းကျမ်းမူ၏ ခြားနားသောအချက် ဖြစ်သည်။ စိတ်မချဖွယ်သော အုပ်စုတစ်စု၏သက်ဆိုင်ရာ ပညာရှင်များသာ နားလည်နိုင်သော စာအုပ်မျိုးမဟုတ်ဘဲ၊ ပြန်လည်ရယူခြင်းကျမ်းမူသည် ဆယ်စုနှစ်သုံးခုနီးပါးမျှ အားထုတ်လုပ်ဆောင်ခဲ့ပြီးနောက် အသီးအပွင့် ထွက်ပေါ်လာသည့် ပညာနှင့် အရည်အသွေးရှိသောအလုပ်ဖြစ်ပြီး၊ ၎င်းသည်ကိုယ်တော်၏သန့်ရှင်းသော နှုတ်ကပတ်တော်ကိုချစ်သော ဘုရားသခင့်လူများအားလုံးအတွက် ဖိုးထိုက်ရတနာတစ်ခု ဖြစ်သည်။[13]

'ဒေါက်တာဌေးက သမ္မာကျမ်းစာသည် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လွှဲပြောင်းခဲ့ကြသောကြောင့်၊ ကျမ်းစာ၌ပါရှိသော ဘုရားသခင်၏ ဖွင့်ပြခြင်းတို့၏ရှင်းလင်းမှုမှာလျော့နည်းသထက် လျော့နည်းလာကြောင်း သွန်သင်သည်'ဟု လက်မှတ်ထိုးသူတို့ကအခိုင်အမာပြောဆိုကြသည်။ ထို့ကြောင့် သူတို့က သူ့အား သမ္မာကျမ်းစာကို "အဆင့်နိမ့်ကျသွားသည့်" စာအုပ်အဖြစ် ရည်ညွှန်းပြောဆိုသူဟု စွပ်စွဲပြောဆိုကြသည်။ ဒေါက်တာဌေးသည် ထိုကဲ့သို့သောအရာများကို ပြောဆိုခဲ့ခြင်းရှိမရှိကို ကျွန်ုပ်တို့မသိကြသော်လည်း၊ သမ္မာကျမ်းစာသည် ဘုရားသခင်၏စေ့ဆော်ထားသော နှုတ်ကပတ်တော်ဖြစ်သည်ဟု ကျွန်ုပ်တို့၏ချေပခြင်းက ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအမြင်ရှုထောင့်ကို ကိုင်စွဲခြင်း မပြုကြောင်း ထင်ရှားစေခဲ့ပြီဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ နိဂုံးချုပ်အနေဖြင့် ကျွန်ုပ်တို့သည် Witness Lee ၏ကိုယ်ပိုင်စကားများကို ပွဲတင်ထပ်ပြောဆိုပါမည် – "ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအတွက် အသေခံပါမည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ဘုရားသခင်၏ ဘုရားဆိုင်ရာစကားတော်ဖြစ်ကြောင်း ယုံကြည်ပါသည်။"[14]

---

[12] "ရှင်းလင်းချက်အကျဉ်းချုပ်"၊ ဓမ္မသစ်ကျမ်းပြန်လည်ရယူခြင်းကျမ်းမူ (Living Stream Ministry, 2009)။

[13] The Holy Bible Recovery Version ကို http://lsm.org ၌ Living Stream Ministry မှ ရယူနိုင်ပါသည်။ အခမဲ့ဖြန့်ဝေသော ဓမ္မသစ်ကျမ်း ပြန်လည်ရယူခြင်းကျမ်းမူ (အင်္ဂလိပ်) ကို http://biblesforamerica.org ၌ ရယူနိုင်ပါသည်။

[14] Witness Lee, *Christ versus Religion* (Anaheim: Living Stream Ministry, 1971), 155.

## ကယ်တင်ခြင်း

ကယ်တင်ခြင်းအပေါ် ကျွန်ုပ်တို့၏သွန်သင်ခြင်းနှင့်စပ်လျဉ်း၍ သူတို့၏ဝေဖန်ထုတ်ပြန်သော ကြေညာချက်များကို လက်မှတ်ရေးထိုးသူများက "ဘုရားသခင်သည် မိမိ၏သားတော်ကို လောက၌ လူ့ဇာတိခံလာစေရန် စေလွှတ်တော်မူ၍၊ ကိုယ်တော်အား အပြစ်၌ သေလျက် ရှိနေသောသူများကို ရွေးနုတ်ရန်အတွက် သေစေတော်မူခဲ့ပြီး၊ သူတို့အား ဘုရားသားများဖြစ်စေခဲ့သည်"ဟူသော သူတို့ယုံကြည်သကဲ့သို့ ကျွန်ုပ်တို့ မယုံကြည်ပါဟု ပြင်းထန်စွာ ရည်ညွှန်းပြောဆိုကြသည်။ သို့သော်လည်း ကျွန်ုပ်တို့ရေးသားထုတ်ပြန်သောယုံကြည်ခြင်းမှာ ဤအချက်များအားလုံးကို အတည်ပြုထားပြီးဖြစ်သည်။

**ဘုရားသခင်၏တစ်ပါးတည်းသောသားတော် (ယော၊၁း၁၈။ ၃း၁၆)၊ ဘုရားသခင်ကိုယ်တော်တိုင်ပင်ဖြစ်သည့် ခရစ်တော်သည် (ယော၊၁း၁)၊ လူ့ဇာတိခံခြင်းအားဖြင့် (ယော၊၁း၁၄) စစ်မှန်သောလူဖြစ်လာပြီး** ဘုရားနှင့် လူသားဇာတိနှစ်မျိုးလုံး (ရော၊၉း၅။ ၁တိ၊၂း၅) ရှိကာ၊ သဘောသဘာဝနှစ်မျိုးလုံးသည် ပုဂ္ဂိုလ်တစ်ဦးတည်း၌ ပေါင်းစပ်ထားလျက်ရှိ၍ ရှုပ်ထွေးခြင်း သို့မဟုတ် ပြောင်းလဲခြင်းမရှိ၊ တတိယဒြပ်သဘာဝကို ထွက်ပေါ်စေခြင်းမရှိဘဲ ထင်ရှားစွာ စောင့်ထိန်းထားသည်။

ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်များအတွက် အသေခံ၍၊ ရုပ်ခန္ဓာပါလျက်သေခြင်းမှ ထမြောက်တော်မူခဲ့ပြီး (၁ကော၊၁၅း၃–၄။ တ၊၄း၁၀။ ရော၊၈း၃၄)၊ သခင်တကာ၏သခင်အဖြစ် ဘုရားသခင်၏လက်ယာဘက်တွင် ချီးမြှောက်ခံရကာ (တ၊၅း၃၁။ ၁၀း၃၆)၊ ကိုယ်တော်၏သတို့သမီးအသင်းတော်အတွက် သတို့သားအဖြစ်လည်းကောင်း (ယော၊၃း၂၉။ဗျာ၊၁၉း၇)၊ တိုင်းနိုင်ငံလူမျိုးတို့အပေါ် အုပ်စိုးရန် ဘုရင်တကာ၏ဘုရင်အဖြစ်လည်းကောင်း (ဗျာ၊၁၁း၁၅။ ၁၉း၁၆) ပြန်ကြွလာမည်ဖြစ်သည်။

ကယ်တင်ခြင်းသည် ခရစ်တော်၌ (ဧ၊၂း၅၊ ၈)၊ ကိုယ်တော်၏ပြည့်စုံခဲ့သောအလုပ်၌ ယုံကြည်ခြင်းမှတစ်ဆင့်၊ ကျေးဇူးတော်အားဖြင့်ဖြစ်ပြီး၊ ဘုရားသခင်ရှေ့တော်တွင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် (ရော၊၃း၂၄၊ ၂၈။ ဂလ၊၂း၁၆)၊ ကိုယ်တော်၏သားများဖြစ်စေရန် ဘုရားသခင်ဖြင့် မွေးဖွားခံရခြင်းကို ထွက်ပေါ်စေသည် (ယော၊၁း၁၂–၁၃)။[15]

---

[15]https://an-open-letter.org/en/our-faith/ တွင် ရရှိနိုင်သည်။ အလေးပေးဖော်ပြချက် ထပ်ထည့်ထားသည်။ ဤသမ္မာတရားများကို အတည်ပြုပေးသော ယုံကြည်ခြင်း၏ ထုတ်ပြန်ချက်ကို Living Stream

ကျွန်ုပ်တို့၏ယုံကြည်ခြင်း ထုတ်ပြန်ချက်ကို အတည်ပြုသည့်အနေဖြင့် ခရစ်တော်သည် ကားတိုင်ပေါ်တွင် လူ၏အပြစ်အတွက် အသေခံတော်မူခဲ့ကြောင်း ကျွန်ုပ်တို့ အခိုင်အမာ ယုံကြည်သည်။ ထို့ပြင် ကိုယ်တော်၏အဖိုးထိုက်သောအသွေးတော်ကို သွန်းခြင်းအားဖြင့် ခရစ်တော်သည် ထာဝရရွေးနုတ်ခြင်းကို ပြီးမြောက်ပြည့်စုံစေခဲ့ပြီး၊ အပြစ်သားများ အပြစ်ခွင့်လွှတ်ခံရရန်၊ ဖြောင့်မတ်ခြင်းခံရရန်နှင့်ဘုရားသခင်ထံသို့ သင့်မြတ်ခြင်းခံရရန်အတွက် လမ်းဖွင့်ပေးခဲ့သည်။ အောက်ဖော်ပြပါ စာပိုဒ်တွင် Witness Lee က ရှင်းလင်းထားပါသည်၊

> ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် ပညတ်တရားအရ၊ အပြစ်သားများသည် အသေခံရန် စီရင်ခံရသည်။ မည်သည့်အပြစ်သားမျှ သေခြင်းပြစ်ဒဏ်ကို မခံစားရဘဲ ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် ပညတ်တရား၏စီရင်ခြင်းကို မဖြတ်ကျော်နိုင်ပါ။ ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်းခံရရန် တစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် ပညတ်တရား၏တောင်းဆိုမှုကို ပြည့်စုံစေရန်အလို့ငှာ ကျွန်ုပ်တို့အတွက် အသေခံ၍၊ အသွေးသွန်းလောင်းရမည် ဖြစ်သည်။ သမ္မာကျမ်းစာက “အသွေးမသွန်းလောင်းဘဲ၊ အပြစ် လွှတ်ခြင်းမရှိ”ဟု (ဟေရှာ၊၉း ၂၂) ပြောထားသည်။ ထို့ကြောင့် သခင်ဘုရားသည် ဘုရားသခင့်တရား၏ ဖြောင့်မတ်သော တောင်းဆိုမှုကို ပြည့်စုံစေရန်အတွက် ကားတိုင်ပေါ်တွင် အသေခံ၍၊ အသွေးသွန်းလောင်းခဲ့သည်။ သို့မှ ကျွန်ုပ်တို့၏အပြစ်သည် ခွင့်လွှတ်ခြင်းခံရမည်ဖြစ်သည်။ သခင်ဘုရား၏အသွေးသည် မိမိ၏အသေခံခြင်းအားဖြင့် ဘုရားသခင်၏ ဖြောင့်မတ်သော တောင်းဆိုမှုကို ပြည့်စုံစေရန် သွန်းလောင်းခဲ့သောကြောင့်၊ ကိုယ်တော်၏အသွေးသည် ကျွန်ုပ်တို့၏အပြစ်များမှ ကျွန်ုပ်တို့ကို သန့်ရှင်းပေးသည်။ အပြစ်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ပြဿနာရှိ၍၊ ကိုယ်တော်၏ရန်သူများဖြစ်ကြသည်။ သခင်ဘုရား၏အသေခံခြင်းသည် ကျွန်ုပ်တို့ကို အပြစ်မှ ရွေးနုတ်ပေးပြီး၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်နွယ်မှုကို ပြန်လည်ရရှိစေသည်။ ရလဒ်အဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ သင့်မြတ်ခံရသည်။ ယနေ့မည်သူမဆို သခင်ဘုရား၌ ယုံကြည်ရန် ဆန္ဒရှိလျှင်၊ သခင်ဘုရား၏သေခြင်းသည် သူ့အား ဘုရားသခင်ထံသို့ သင့်မြတ်စေပြီး၊ သူ့ကိုယ်စား ဘုရားသခင်ကို ကျေနပ်နှစ်သိမ့်စေသည်။[16]

---

Ministry ၏ website တွင်လည်း ရရှိနိုင်သည်။ http://lsm.org/lsm-statement-faith.html ကို ကြည့်ပါ။

[16]Witness Lee, *Crucial Truths in the Holy Scriptures, Vol. 1* (Anaheim: Living Stream Ministry, 2007), 20-21.

Witness Lee က ဘုရားသခင်၏ကယ်တင်ခြင်းတွင် တရားရေးဆိုင်ရာသွင်ပြင်နှင့် အသက်ဆိုင်ရာသွင်ပြင်ဟူ၍ သွင်ပြင်နှစ်ခုရှိကြောင်း သွန်သင်ထားသည်။ ရော၊၅း၁၀ တွင် ဖော်ပြထားသည့်အတိုင်း "အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏ သားတော် အသေခံတော်မူခြင်း (တရားရေးဆိုင်ရာသွင်ပြင်) အားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့်သင့်မြတ်ခြင်းကို ခံရသည်မှန်လျှင်၊ ထိုသို့သင့်မြတ်ပြီးမှ၊ အသက်တော်၌ (အသက်ဆိုင်ရာသွင်ပြင်) ကယ်တင်တော်မူခြင်းသို့ သာ၍ရောက်စရာရှိ၏"။ ဘုရားသခင့်ကယ်တင်ခြင်း၏ တရားရေးဆိုင်ရာသွင်ပြင် – Witness Lee ခေါ် ဆိုသည့် "တရားရေးဆိုင်ရာရွေးနုတ်ခြင်း"၌ – ခရစ်တော်သည် အပြစ်သားများအပေါ် ဘုရားသခင်၏ ဖြောင့်မတ်သော ပညတ်တရား၏ တောင်းဆိုမှုကို ကျေနပ်စေခြင်းဖြင့်၊ သူတို့သည် အပြစ်ခွင့်လွှတ်ခြင်း၊ ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့် ဘုရားသခင်ထံသို့ သင့်မြတ်ခြင်းရှိနိုင်ကြသည် (ကော၊၂း၁၃။ တ၊၁၃း၃၉။ ရော၊၅း၁၀)။ ဘုရားသခင့်ကယ်တင်ခြင်း၏ အသက်ဆိုင်ရာ သွင်ပြင် – Witness Lee ခေါ် သော "အသက်ဆိုင်ရာကယ်တင်ခြင်း"၌ – ဘုရားသခင်၏ အသက်သည် လူအထဲသို့ အသစ်တစ်ဖန်မွေးဖွားပေးခြင်းအားဖြင့် ဝင်ရောက်လာခဲ့ပြီး၊ ယုံကြည်သူများကို သန့်ရှင်းစင်ကြယ်ပေးရန်၊ အသစ်ပြုပြင်ပေးရန်၊ ပုံသဏ္ဍာန်ပြောင်းလဲပေးရန်၊ ပုံသဏ္ဍာန်တူညီလာစေရန်နှင့် ဘုန်းထင်ရှားစေရန် ပြုပြင်လုပ်ဆောင်ပေးနေသည် (၂ကော၊၄း၁၆။ ဧ၊၄း၂၃။ ကော၊၃း၁၀။ ရော၊၁၂း၂။ ၂ကော၊၃း၁၈။ ရော၊၈း၂၉၊ ၁၇၊ ၃၀)။ Witness Lee ၏အမှုတော်က ကျွန်ုပ်တို့အား သမ္မာကျမ်းစာမှ တရားရေးဆိုင်ရာရွေးနုတ်ခြင်းမှာ ဖြစ်စဉ်တစ်ခုဖြစ်၍၊ ၎င်းအားဖြင့် ဘုရားသခင်သည် ယုံကြည်သူများအား ကိုယ်တော်၏ အသက်ဆိုင်ရာကယ်တင်ခြင်းကို ဝမ်းမြောက်နိုင်စေရန် အရည်အချင်း ပြည့်မီစေ၍၊ နေရာချပေးကြောင်း မြင်ရန် ကူညီပေးသည်။ ထို့အပြင် ကိုယ်တော်၏အသက်ဆိုင်ရာ ကယ်တင်ခြင်း အားဖြင့် ဘုရားသခင်သည် လူအထဲ၌ ကိုယ်တော်၏အသက်အားဖြင့် ကိုယ်တော်၏ရည်ရွယ်ချက်ကို ပြီးမြောက်ပြည့်စုံစေသည်။

ဘုရားသခင်၏အသက်ဆိုင်ရာ ကယ်တင်ခြင်းသည် လူထဲ၌ "အသက်ပေးသော ဝိညာဉ်တော်" တည်းဟူသော ခရစ်တော်အားဖြင့် သယ်ဆောင်ခြင်းဖြစ်၍၊ ၎င်းကို "ဒေသန္တရအသင်းတော်လှုပ်ရှားမှု၏ယုံကြည်ခြင်းကို ထင်ရှားစေသည့်" ဝေါဟာရအဖြစ် ဒေါက်တာဌေးက အသုံးပြုသည်ဟု လက်မှတ်ရေးထိုးသူများပြောကြသည်။ ဒေါက်တာဌေးသည် ဤဝေါဟာရအကြောင်း အဘယ်သို့ သွန်သင်ခဲ့သည်ကို ကျွန်ုပ်တို့မသိပါ။ သို့သော် Witness Lee က ခရစ်တော်သည် "အသက်ပေးသောဝိညာဉ်တော်" ဖြစ်လာခဲ့သည်ကို အမှန်တကယ်သွန်သင်ခဲ့ပါသည်။ သို့သော်လည်း ယင်းသွန်သင်ခြင်းမှာ

Witness Lee ဖြင့် အစပြုခဲ့ခြင်းမဟုတ်ဘဲ၊ ၎င်းသည် ရှင်ပြန်ထမြောက်ခြင်းကို ပြောထားသည့် ၁ကော၊၁၅ ၌ တမန်တော်ပေါလု၏ သွန်သင်ခြင်းဖြစ်၍ "ကျမ်းစာလာသည်ကား၊ 'ရှေးဦးစွာသော လူအာဒံသည် အသက်ရှင်သော စိတ်ဖြစ်၏'ဟုလာသတည်း။ ယခုတွင် နောက်ဆုံးဖြစ်သောအာဒံ (အသွေးအသား၌ ခရစ်တော်) မူကား၊ အသက်ပေးသောဝိညာဉ်တော် *ဖြစ်၏*" (အငယ်၊၄၅)ဟု ပြောဆိုထားသည်။ အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ယုံကြည်သူများထံသို့ "တစ်ဝိညာဉ်" တည်းအဖြစ် ပေါင်းစည်းဆက်နွှယ်နိုင်သည် (၁ကော၊၆း၁၇)။ အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့ထဲ၌ (၂ကော၊၁၃း၅)၊ ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ (၂တိ၊၄း၂၂) ရှိနိုင်ပြီး၊ ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ကိုယ်တော်၏အိမ်ဆောက်လုပ်နိုင်သည် (ဧ၊၃း၁၇)။ ဘုရားသခင်၏ နှုတ်ကပတ်တော်အရ၊ ခရစ်တော်သည် လူ့ဇာတိခံခြင်းအားဖြင့် "အသွေးအသားဖြစ်လာ၏" (ယော၊၁း၁၄)၊ "နောက်ဖြစ်သော အာဒံ" အနေဖြင့် ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခဲ့သည်။ ခရစ်တော်သည် သေခြင်းမှ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာခဲ့သည်ဟု တမန်တော် ပေါလုသွန်သင်ခဲ့သည့်အတိုင်း သွန်သင်ပေးခြင်းအားဖြင့် ခရစ်တော်သည် ယုံကြည်သူများအထဲ၌ရှိ၍၊ ကိုယ်တော်သည် သူတို့အဖို့ အသက်ဖြစ်တော်မူကြောင်းကို Witness Lee အတည်ပြုပေးခဲ့သည်။

ကြေညာချက်ပြုသော လက်မှတ်ရေးထိုးသူများက သူတို့သည် ကယ်တင်ခြင်းနှင့်စပ်လျဉ်းသော Witness Lee ၏သွန်သင်ခြင်းကို ဆန့်ကျင်သည်ဟု ပြောကြသည်၊ သို့သော် သူတို့၏တိုင်ကြားချက်စာများကို အသေအချာဖတ်ကြည့်မည်ဆိုလျှင် သူတို့က လူသည် ခရစ်တော်ကို မိမိ၏အသက်အဖြစ် လက်ခံရယူနိုင်ပြီး မွေ့လျော်ဝမ်းမြောက်နိုင်သည် (ကော၊၃း၄) ဟူသောမည်သည့်ခံယူချက်ကိုမဆို အမှန်တကယ်ဆန့်ကျင်ကြောင်း ပြသနေသည်။ သူတို့က လူသည် အသစ်တစ်ဖန်မွေးဖွားခံခြင်းအားဖြင့် ဘုရားသခင်၏ အသက်ကို လက်ခံရရှိခြင်းအား ပြတ်ပြတ်သားသားငြင်းပယ်ကြသည်။ ဤငြင်းပယ်ခြင်းမှာ ဓမ္မသစ်ကျမ်းနှင့် လုံးလုံးကွဲလွဲနေသည်။ ဥပမာ– ဧ၊၄း၁၈ တွင် တစ်ပါးအမျိုးသားတို့သည် "ဘုရားသခင်၏အသက်နှင့် ကွာရှင်းလျက်ရှိကြ၏"ဟုပြောထားပြီး၊ တ၊၁၁း၁၈ က တစ်ပါးအမျိုးသားတို့အား "အသက်ရှင်စေခြင်းအလို့ငှာ နောင်တ တရား" ကို ပေးတော်မူပြီ"ဟု ပြောထားသည်။ တ၊၁၁း၁၈ မှတ်စုကို လေ့လာရာတွင် Witness Lee က "အသက်ရှင်စေခြင်း အလို့ငှာ နောင်တတရား"ဟူသော စကားစုရှိ *အသက်* အတွက် ဂရိစကားလုံး၏အဓိပ္ပာယ်ကို ပေးထားပြီး၊ ကျမ်းစာကို ကျမ်းစာဖြင့် အနက်

ပြန်ဆိုခြင်း အလေ့အလာကို ဆက်လက်ဖော်ပြထား၍၊ အသက်သည် မည်သည့်အရာ ဖြစ်သည်ကို ထင်ရှားစေရန် ကျမ်းပိုဒ်အမြောက်အများကို ကိုးကားမှီငြမ်းထား သည်။

> ဂရိ၌ *zoe* ဖြစ်၍၊ ဘုရားသခင်၏အသက် (ဧ၊၄း၁၈)၊ ထာဝရအသက် (၁ယော၊ ၁း၂)၊ ဖန်ဆင်းခံမဟုတ်သော၊ ချိုးဖျက်၍မရနိုင်သော အသက် (ဟေဗြဲ၊၇း၁၆) ကို ရည်ညွှန်း၍၊ ၎င်းသည် အသက်ပေးသောဝိညာဉ်တော် (၁ကော၊၁၅း၄၅) တည်းဟူသော ခရစ်တော်ကိုယ်တော်တိုင် (ယော၊၁၄း၆။ ၁၁း၂၅။ကော၊၃း၄) ကို ရည်ညွှန်းသည်။ ၎င်းတွင် ဝိညာဉ်တော်သည် အသက်ဖြစ်သည် (ရော၊၈း၂)။ ယုံကြည်သူများသည် နောင်တရပြီးနောက် ခရစ်တော်အထဲသို့ ယုံကြည်ခြင်း အားဖြင့် (ယော၊၃း၁၅–၁၆) ဤအသက်ကို လက်ခံရရှိကြပြီး၊ ထိုအသက်သည် သူတို့၏ပြည့်စုံသော ကယ်တင်ခြင်းကို ထွက်ပေါ်စေသည် (ရော၊၅း၁၀)။ ပေတရု ဟောပြောခဲ့သော ဧဝံဂေလိတရားတွင် ဘုရားဆိုင်ရာ ကောင်းကြီးမင်္ဂလာများ ဖြစ်သော အပြစ်ခွင့်လွှတ်ခြင်း (၅း၃၁။ ၁၀း၄၃) နှင့် ကယ်တင်ခြင်း (၂း၂၁။ ၄း၁၂) သာမက၊ ဝိညာဉ်တော် (၂း၃၈)နှင့် အသက်လည်းပါဝင်သည်။ အပြစ်ခွင့် လွှတ်ခြင်းသည် လူတို့၏အပြစ်များနှင့် ဆက်ဆံဖြေရှင်း၍၊ အသက်သည် လူတို့ ၏သေခြင်းနှင့် ဆက်ဆံဖြေရှင်းသည် (ယော၊၅း၂၄။ ၁ယော၊၃း၁၄။ ၂ကော၊ ၅း၄)။ (သန့်ရှင်းသောသမ္မာကျမ်းစာပြန်လည်ရယူခြင်းကျမ်းမူ – တ၊၁၁း၁၈ မှတ်စု ၁)

ထို့ကြောင့် ယုံကြည်သူများနှင့် မယုံကြည်သူများကို ကွဲပြားခြားနားစေသည့်အရာမှာ ယုံကြည်သူများသည် ဘုရားသခင်၏အသက်မှ ကွာ ရှင်းခြင်း မရှိတော့ဘဲ၊ ထိုအစား သူတို့သည် အသစ်တစ်ဖန်မွေးဖွားခံခြင်းအားဖြင့် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သော ထာဝရအသက်ကို လက်ခံရရှိထားကြခြင်းဖြစ်သည်။

အသစ်တစ်ဖန်မွေးဖွားခံရခြင်းသည် ဖန်ဆင်းခံရသော လူသားအသက်အပြင် ဘုရား အသက်ကို လက်ခံရရှိရန် "အသစ်မွေးဖွားခံခြင်း" (ယော၊၃း၃)၊ ယင်းမှာ "ဝိညာဉ် တော်၏မွေးဖွားခံခြင်း"(အငယ်၊၆) ဖြစ်သည်။ သို့သော်လည်း အသစ်တစ်ဖန် မွေးဖွား ခံရခြင်းကို ဘုရားဆိုင်ရာ မွေးဖွားခြင်းအဖြစ် အတည်ပြုမည့်အစား၊ ကြေညာချက်ကို လက်မှတ်ရေးထိုးသူများက ယုံကြည်သူများသည် ဘုရားသခင်၏မိသားစုအထဲသို့ မွေးစားခံရခြင်းဖြစ်ပြီး၊ သူတို့သည် ဘုရားသဘောသဘာဝကို လက်ခံရရှိခြင်းမရှိပါဟု အခိုင်အမာပြောဆိုကြခြင်းမှာ ဘုရားသခင်၏ "အလွန်ကြီးမြတ်၍ အဖိုးထိုက်သော ကတိတော်"အားဖြင့် ယုံကြည်သူများသည် "ဘုရားသဘောသဘာဝကို ဆက်ဆံသူများ ဖြစ်လာကြသည်" (၂ပေ၊၁း၄) ဟူသော တမန်တော်ပေတရု၏ ကြေညာချက်ကို ဆန့်

ကျင်နေခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးသူများသည် သမ္မာကျမ်းစာမှ ဖယ်၍ (ဗျာ၊ ၂၂း၁၇–၁၉) ဘုရားသခင်နှင့် ယုံကြည်သူများအကြားရှိ မည်သည့်အသက်ဆိုင်ရာ ဆက်နွယ်မှုကိုမဆို ပယ်ဖျက်လျက်၊ ခမည်းတော်၏ဖွားမြင်သော သားအစစ်အဖြစ် ယုံကြည်သူများ၏ ရပ်တည်မှုကို ငြင်းဆိုကြသည်။ အကျိုးဆက်အနေဖြင့် သူတို့က ဂလ၊၄း၅ တွင် "ငါတို့သည် သားများအဖြစ် မွေးစားခြင်းခံရသည်"ဟု ဘာသာပြန်မည့် အစား၊ ကျွန်ုပ်တို့က "ငါတို့သည် သားအခွင့်အရာကို ရမည့်အကြောင်း"ဟု ဘာသာပြန်ထားသော ဓမ္မသစ်ပြန်လည်ရယူခြင်းကျမ်းမူကို မှားသည်ဟု ယုံကြည်ကြသည်။ ကျွန်ုပ်တို့က "မွေးစားခြင်း"ဟူသောစကားလုံးကို "မှားယွင်းသော အနက်ပြန်ဆိုခြင်း" အဖြစ် ယုံကြည်ကြသောကြောင့်၊ ကျွန်ုပ်တို့၏နားလည်မှုနှင့် ဆီလျော်အောင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြောင်းလဲကြသည်ဟု သူတို့က အခိုင်အမာ ထင်မြင်ချက်ပေးကြသည်။ Witness Lee က ဧ၊၁း၅ ၌ *မွေးစားခြင်း* ဟူသောစကားလုံးကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ "ဤသို့သုံးနှုန်းခြင်းမှာ မမှားယွင်းသော်လည်း ၎င်းသည် အလွယ်တကူနားလည်မှုလွဲနိုင်သည်ဟု ရေးသားခဲ့သည်။[17] သူ၏ *ဂလာတိကျမ်းကို အသက်အဖြစ် လေ့လာခြင်း* ဝေငှချက်၌ "ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားမက်များလည်း မဟုတ်သလို၊ ကိုယ်တော်၏ မွေးစားသားများလည်း မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် မွေးဖွားခြင်းခံရသောသားများ၊ အသက်၌ ဘုရားသခင်၏ သားများဖြစ်ကြကြောင်း ယုံကြည်စိတ်ချစွာကြွေးကြော်နိုင်သည်"ဟု ရှင်းပြထားသည်။[18]

Living Stream Ministry ၏ *Affirmation & Critique* ဂျာနယ်သည် ၁၉၉၆ ကတည်းက အစဉ်မပြတ် ထုတ်ဝေလျက်ရှိ၍၊ online[19] တွင် အခမဲ့ရရှိနိုင်ပြီး၊ ၎င်းတွင် သားဖြစ်ခြင်းအရိုက်အရာနှင့် မွေးစားခြင်းအကြောင်းအရာကို အကြိမ်ကြိမ်[20] ရည်ညွှန်းဖော်ပြပေးထားသည်။ ဧပြီလ၊ ၁၉၉၆ တွင် ထုတ်ဝေခဲ့သော ဂျာနယ်မှ အောက်ဖော်ပြပါ စာပိုဒ်သည် သားအရိုက်အရာနှင့် မွေးစားခြင်းအကြားရှိ သူတို့၏သမိုင်းကြောင်းအရနှင့် သီဩလော်ဂျီဆိုင်ရာ စကားစပ်အရ အမွေခံစားပိုင်ခွင့် မည်သို့ရှိကြောင်းကို ဖော်ပြ၍၊ မွေးစားခြင်းစကားလုံးသည် ဘုရားဆိုင်ရာမွေးဖွားခြင်းကို

---

[17] Witness Lee, *Basic Training* (Anaheim: Living Stream Ministry, 1978), 30.

[18] Witness Lee, *Life-study of Galatians* (Anaheim: Living Stream Ministry, 1984), 391.

[19] http://www.affcrit.com/archives/index.html တွင်ကြည့်ပါ။

[20] နမူနာအတွက် Roger Good, "Glossa: Sonship or Adoptions as Sons?" *Affirmation & Critique* V:4 (October 2000): 39-40 တွင်ကြည့်ပါ။

ငြင်းဆိုခြင်းမဟုတ်ဘဲ၊ ဆန့်ကျင်ဘက်အနေဖြင့် "၎င်းကို တိုးမြှင့်ပေးခြင်း" သာဖြစ်ကြောင်း ဖော်ပြထားသည်။

သမ္မာကျမ်းစာက ခရစ်တော်၌ရှိသော ယုံကြည်သူများသည် "ဘုရားသဘောသဘာဝကို ဆက်ဆံကြသူများ" (၂ပေ၊၁း၄)၊ "ဘုရားသခင်၏မွေးဖွားခံ" သူများ ဖြစ်ကြသည်ဟု ရှင်းလင်းစွာ၊ ပြတ်သားစွာ ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် အနေအထားပိုင်းဆိုင်ရာအရ ကိုယ်တော်နှင့် တရားဝင်ဆက်နွယ်မှုရှိရန် ဘုရားဖြင့် မွေးစားခံရသူမျှသာမဟုတ်ပါ။ ကျွန်ုပ်တို့သည် အသက်ဆိုင်ရာအရ ကိုယ်တော်နှင့် ကိုယ်ပိုင်ဆက်နွယ်မှုရှိရန် ဘုရားမှ မွေးဖွားခံရသော "အသစ်မွေးဖွားခြင်းခံသော"သူများဖြစ်ကြသည်။

"မွေးစားခြင်း"ဟု အချို့က ဘာသာပြန်ဆိုကြသော ဂရိစကားလုံးမှာ *huios* (သား) နှင့် *thesis* (နေရာချထားခြင်း) ကို ပေါင်းထား ခြင်းဖြစ်သည်။ ၎င်းကို "သားအရိုက်အရာ"ဟု ပြန်ဆိုလျှင် ပို၍မှန်ကန်တိကျပါသည် (Vine, Vincent, Wuest, တို့ကို ကြည့်ပါ)။ ၎င်းသည် အထူးသဖြင့် ရောမတရားရေးဆိုင်ရာ ဝေါဟာရဖြစ်၍ ယခင်က ထိုအရာများကို ပိုင်ဆိုင်ခြင်းမရှိဖူးသောသူအပေါ် သားအရိုက်အရာ၏ ရပိုင်ခွင့်နှင့် အထူးအခွင့်အရေးကို အပ်နှင်းပေးလိုက်ခြင်းအား ရည်ညွှန်းခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် ၎င်းသည် ထာဝရကာလမှ ဘုရားသခင်၏တစ်ပါးတည်းသော သားတော်ဖြစ်သောသူ၊ ခရစ်တော်၌ ယူဆောင်၍ မရနိုင်ပါ။ သို့သော် ကျွန်ုပ်တို့ ယုံကြည်သူများသည် အသစ်တစ်ဖန်မွေးဖွားခြင်းမတိုင်မီက ဘုရားသခင်၏တရားရေးဆိုင်ရာ စီရင်မှုအောက်တွင် ရှိကြပြီး၊ ကျွန်ုပ်တို့ အား မွေးဖွားပေးရန်နှင့် ကျွန်ုပ်တို့အား "သားအရိုက်အရာ"၏ တရားဝင်ဂုဏ်ပုဒ်ကို အပ်နှင်းပေးရန် သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့လိုအပ်နေခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသဘောသဘာဝကို လက်ခံရရှိရန်အလို့ငှာ ဘုရားသခင်ဖြင့် မွေးဖွားခြင်းခံရပြီး၊ ကျွန်ုပ်တို့သည် အမွေခံခွင့်ရရှိရန်အလို့ငှာ ဘုရားဆိုင်ရာ သားအရိုက်အရာကို အပ်နှင်းခြင်းခံရကြသည်။ "မွေးစားခြင်း" (သားအရိုက်အရာ) သည် ဤမွေးဖွားခြင်းကို မပယ်ဖျက်ပါ။ ထိုအစား ၎င်းကို တိုးမြှင့်ပေးသည်။ ဘုရားသခင်၏ မွေးဖွားခံရသူများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသဘောသဘာဝ ထည့်သွင်းပေးခြင်းကို အခြေခံ၍ ဘုရားသခင်နှင့် အသက်ဆိုင်ရာဆက်နွယ်မှုကို ဝမ်းမြောက်ရကြသည်။ ကျွန်ုပ်တို့သည် သားများအပေါ် အပ်နှင်းသည့် အနေအထားဆိုင်ရာအခွင့်အရေးကိုလည်း အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ကြရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားများ(အနေအထားအရ)နှင့် ဘုရားသခင်၏ ကလေးသူငယ်များ (ဘုရားသဘောသဘာဝ

> အရ) ဖြစ်သည်။ ဤအကြောင်းကြောင့် သမ္မာကျမ်းစာက ဝေါဟာရနှစ်ခုလုံးကို အသုံးပြုထားသည်။ ရော၊ ဂ း ၁၄ ၌ "ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ဦးဆောင်မှုကို ခံရသော သူရှိမျှတို့သည် ဘုရားသခင်၏ သားများဖြစ်ကြ၏"။ ထို့နောက် အငယ်၊ ၁၆ ၌ "ငါတို့သည် ဘုရားသခင်၏ ကလေးသူငယ်များ ဖြစ်ကြသည်ဟု ဝိညာဉ်တော်ကိုယ်တိုင်သည် ငါတို့၏ ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏"ဟု ပြောထားသည်။ သမ္မာကျမ်းစာအရ ဘုရားသခင်၏ ကလေးသူငယ်များ (children of God) တည်းဟူသော ကျွန်ုပ်တို့၏ အခရာကျသော အနေအထား၏ တန်ဖိုးသည် ဘုရားသခင်၏ သားများ (sons of God) တည်းဟူသော ကျွန်ုပ်တို့၏ တရားဝင်အနေအထား၏ ကောင်းမြတ်ခြင်းဖြင့် အသိအမှတ်ပြုခံရ၏။[21]

အပြစ်သားများကို ရင့်ကျက်သော ဘုရားသားများအဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် ဘုရားဖြစ်စေခြင်း (deification) ဟု အများအားဖြင့် ခေါ်ဆိုသည့်ဖြစ်စဉ်ဖြစ်ပြီး၊ ယင်းကို လက်မှတ်ရေးထိုးသူများက အကြောင်းမလှစွာ၊ မလိမ္မာစွာဖြင့် ဆန့်ကျင်ခဲ့ကြသည်။ ဘုရားဖြစ်စေခြင်း သို့မဟုတ် theosis သည် အေဒီ ဒုတိယရာစုနှစ်မှစ၍ ကနဦးအသင်းတော်ဖခင်ကြီးများက ဘုရားသခင့်ကယ်တင်ခြင်း၏ ပန်းတိုင်အဖြစ် စကြဝဠာဆိုင်ရာမှတ်ယူခဲ့ကြသည်။ ဤသြဝါဒသည် Eastern Orthodoxy နှင့် ရောမကာသိုလစ်ဘာသာတို့၌ အရေးပါ သည့်ကဏ္ဍတွင် နေရာယူထားပြီး၊ မာတင်လူသာနှင့် ဂျွန်ကယ်လဗင် John Calvin အစရှိသည့် ပြန်လည်ပြုပြင်သူ (Reformers) အများစုက အတည်ပြုခဲ့ကြကာ၊ သီအိုလော်ဂျီပညာရှင် ရော်ဂျာအော်လဆွန်(Roger Olson)[22] က မှတ်ချက်ပေးသည့်အတိုင်း မျက်မှောက်ခေတ် တွင် တစ်ကျော့ပြန်လည် မွေ့လျော်ဝမ်းမြောက်ကြသည်။ ၂၀၁၅ တွင် Living Stream Ministry မှ ကိုယ်စားပြုသူများက Witness Lee ၏ ဘုရားဖြစ်စေခြင်း သွန်သင်ချက်အကြောင်း စာတမ်းကို Evangelical

---

21 "Misaimings: Misaiming concerning 'Sons by Adoption,'" *Affirmation & Critique* 1:2 (April 1996): 61. ဤစာပိုဒ်တွင် ဖော်ပြထားသည့် အာရုံခံစားမှု၌ Witness Lee သည် *သားအရိုက်အရာ* နှင့် *မွေးစားခြင်း* ဟူသော စကားလုံးများကို အသုံးပြုထားသည့် ဓမ္မသီချင်းကို ရေးသား ထားကြောင်းကို မှတ်သားပါ။ နမူနာအတွက် သူက "By divine regeneration / We the sons of God became, / But we must mature to fullness, / Thus the birthright to obtain. / Born and fully grown to manhood, / God's adoption we may share; / By the measure of full stature, / We God's sonship will declare." ဟူ၍ ရေးသားထားသည်။ #741 in *Hymns* (Anaheim: Living Stream Ministry, 1966, 1980) ကိုကြည့်ပါ။

22 Roger E. Olson, "Deification in Contemporary Theology," *Theology Today*, 64 (2007): 186-200.

Theological Society[23] နှင့်အတူ နှစ်ပတ်လည် အစည်းအဝေး၌ Evangelical Philosophical Society ၏အချိန်တစ်ချိန်တွင် တင်ဆက်ဖော်ပြခဲ့ကြပါသည်။ ထိုအကြောင်းအရာအပေါ် Witness Lee ၏ သွန်သင်ချက်အပြည့်အဝကို ရယူသိရှိလိုသော စာဖတ်သူများထံ စာတမ်းကို ကျွန်ုပ်တို့ဝမ်းမြောက်စွာ ချီးကျူးလိုပါသည်။ သို့သော် ယခု ဤနေရာတွင် လက်မှတ်ရေးထိုးသူများထံ တုံ့ပြန်ချက်အဖြစ် အကြောင်းအရာကို အတိုချုပ်ကိုသာ ဖော်ပြလိုပါသည်။

Witness Lee က အေသင်နေဆီးယပ်စ် (Athanasius) ၏ ကျော်ကြားသည့် ဆောင်ပုဒ်ဖြစ်သည့် "ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ ကျွန်ုပ်တို့ကို ဘုရားဖြစ်စေရန်ဖြစ်သည်"ဟူသောအချက်ကို အတည်ပြုခဲ့သည်၊ သို့သော် အဓိပ္ပာယ်ကို ရှင်းလင်းချက်အဖြစ် "ဘုရားသခင်သည် လူဖြစ်လာခြင်းမှာလူကို အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်စေရန်ဖြစ်သည်၊ သို့သော်ကိုးကွယ်ခံအရာ၌ မဟုတ်ပါ"ဟု ပြောခဲ့သည်။ ထိုရှင်းလင်းချက်သည် အလွန်အရေးကြီးသည်၊ အကြောင်းမှာ Witness Lee က ရှင်းပြသည့်အတိုင်း၊ ယုံကြည်သူများသည် ကိုးကွယ်ခံအရာ၌ ဘုရားဖြစ်လာခြင်းမဟုတ်ဘဲ၊ အသက်နှင့်သဘောသဘာဝ၌ ဖြစ်ပြီး၊ ကိုးကွယ်ခံမည်သည့်အခါမျှဖြစ်မလာကြောင်း တိကျပြတ်သားစွာ ရှင်းပြထားသည်။ ကြေညာချက်ကို လက်မှတ်ရေးထိုးသူများက ကျွန်ုပ်တို့သည် "ဘုရားဖြစ်လာကြသည်"ဟု ကျွန်ုပ်တို့ယုံကြည်ကြောင်းကိုသာ ပြောကြပြီး၊ Witness Lee က ဂရုတစိုက် ထည့်သွင်းပြောဆိုသည့် အရည်အချင်းဖော်ပြချက်ကိုမူ ဖော်ပြပြောဆိုခြင်းမပြုကြပေ။

လက်မှတ်ရေးထိုးသူများက ကျွန်ုပ်တို့၏ *ဘုရားဖြစ်စေခြင်း* သွန်သင်ချက်သည် ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ကို မှားယွင်းခြင်းထဲသို့ ကျရောက်စေနိုင်သည်ဟု စွပ်စွဲငြင်းခုံကြသည်။ သို့သော် ဖြောင့်မတ်ရာသို့ ရောက်ခြင်းနှင့်စပ်လျဉ်း၍ သူတို့၏နားလည် မှုသည် သမ္မာကျမ်းစာဆိုင်ရာဖွင့်ပြခြင်း အလွန်နည်းပါးနေသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ သူတို့က ကျွန်ုပ်တို့သည် "ဖြောင့်မတ်သည်ဟု မှတ်ယူခြင်းမျှသာမက၊ စစ်မှန်ခြင်း၌ ဖြောင့်မတ်သည်၊ တစ်နည်းအားဖြင့် ဘုရားသခင်ကဲ့သို့ ဖြောင့်မတ်ခြင်းဖြစ်လာသည်"ဟု ယုံကြည်ကြကြောင်း စီရင်စွပ်စွဲကြသည်။ ဤသည်မှာ ကျွန်ုပ်တို့၏သွန်သင်ခြင်းကို မှန်မှန်ကန်ကန် တင်ဆက်ဖော်ပြပေးခြင်းမဟုတ်ပါ။ တစ်ဖက်တွင် အပြစ်သားတစ်ဦးသည် ပညတ်တရား၏ အကျင့်များဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းတစ်ခုတည်းဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြောင်း ကျွန်ုပ်တို့အမှန်ပင် ယုံကြည်ပါသည်

[23]"In Life and Nature but Not in the Godhead: Witness Lee's Contribution to a Biblical Understanding of Theosis," ကို https://an-open-letter.org/en/ets-eps-papers/ ၌ ရယူနိုင်ပါသည်။

(ရော၊၃း၁၈။ ဂလ၊၂း၁၆)။ အခြားတစ်ဖက်တွင် သမ္မာကျမ်းစာ၏ သက်သေခံချက်ဖြစ်သော ခရစ်တော်ကိုယ်တော်တိုင်သည် ဘုရားသခင်ထံမှ ကျွန်ုပ်တို့အဖို့ ဖြောင့်မတ်ခြင်းဖြစ်လာကြောင်း (၁ကော၊၁း၃၀)၊ "ကိုယ်တော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဖြစ်လာရန် ကျွန်ုပ်တို့၏ကိုယ်စား အပြစ်ရှိသောသူဖြစ်လာကြောင်း" (၂ကော၊၅း၂၁) ကျွန်ုပ်တို့အတည်ပြုပြောဆိုပါသည်။ ယုံကြည်သူများက လက်ခံရရှိသော ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြစ်သည့် ခရစ်တော်သည် အတွေ့အကြုံဆိုင်ရာ၊ ဖြောင့်မတ်ခြင်းဆိုင်ရာ စစ်မှန်ခြင်းဖြစ်သည်။ ဖြောင့်မတ်ရာသို့ရောက်စေသော ယုံကြည်ခြင်းမှာ အပြင်ပိုင်းဆိုင်ရာ ဩဝါဒ၌ ယုံကြည်ခြင်းမျှသာမဟုတ်ဘဲ၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဖြစ်သော ကိုယ်တော်ကိုယ်တိုင်ဖြစ်သည့် ပုဂ္ဂိုလ်တော်၌ ယုံကြည်ရန်ဖြစ်သည်။ ဤသည်မှာ "အသက်၏အရာ"ဖြစ်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်းဖြစ်ကာ(ရော၊၅း၁၈)၊ "ဖြောင့်မတ်ရာသို့ ရောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖြောင့်မတ် ခြင်းအဆင့်သို့ တက်လှမ်းလာနိုင်ကာ၊ ထိုအရာနှင့် ကိုက်ညီမှုရှိလာနိုင်သည်၊ ထိုသို့အားဖြင့် ကိုယ်တော်သည် သူ၏အသက်ကို ကျွန်ုပ်တို့အား ပေးဝေနိုင်သည်"။[24]

ဘုရားသခင်က လူသည် ကိုယ်တော်၏အသက်ကို ရရှိကာ ကြီးရင့်သည့်တိုင်အောင် ထိုအသက်၌ ကြီးထွားစေရန် အလိုတော်ရှိသောကြောင့် လူအား ခရစ်တော်ကို ထည့်ဝင်ရန် ခရစ်တော်၏ပုံသဏ္ဍာန်တော်၌ တန်ဆာပလာအဖြစ် ဖန်ဆင်းခဲ့သည်၊ သို့သော် လက်မှတ်ထိုးထားသူများက ဤအချက်ကိုလည်း ငြင်းဆိုထောက်ပြခဲ့ကြသည်။ ယခုတစ်ဖန်လည်း၊ သွန်သင်ချက်သည် ကျမ်းစာဆိုင်ရာခိုင်မာသည့် အခြေပေါ်တွင် ရပ်တည်သော်လည်း၊ လက်မှတ်ရေးထိုးသူများက ဤအချက်များကို ဖြစ်စေသည့် အဓိကကျမ်းပိုဒ်များကို သတိမမူမိခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သမ္မာကျမ်းစာဖတ်ရှုသူအများစုက ဘုရားသခင်သည် ကိုယ်တော်၏ပုံသဏ္ဍာန်အတိုင်း၊ ကိုယ်တော်နှင့် တစ်ညီတည်း လူကို ဖန်ဆင်းရန် ဆုံးဖြတ်ချက်ချခဲ့ခြင်း (က၊၁း၂၆) နှင့်စပ်လျဉ်း၍ ရင်းနှီးပြီးသားဖြစ်ပြီး၊ အချို့သော ခရစ်ယာန်စာဖတ်သူများက လူကို ဖန်ဆင်းသည့် ဘုရားသခင်၏ပုံသဏ္ဍာန်တော်မှာ ခရစ်တော်ဖြစ်ကြောင်းကို နားလည်ထားကြသည် (၂ကော၊၄း၄။ ကော၊၁း၁၅)။ ထို့အပြင် ခရစ်တော်သည် တန်ဆာပလာများအဖြစ် ဖန်ဆင်းထားသော (တ၊၉း၁၅။ ရော၊၉း၂၂–၂၃။ ၂ကော၊၄း၇။ ၂တိ၊၂း၂၀–၂၁)

---

[24]ဓမ္မသစ် ပြန်လည်ရယူခြင်းကျမ်းမူ၊ ရောမ၊၅း၁၈ မှတ်စု ၂။ သီဩလော်ဂျီဆိုင်ရာ ပိုမိုရှင်းလင်းချက်အတွက် Kerry S. Robichaux, "Justification of Life," *Affirmation & Critique* VI:1 (April 2001): 27-45; Ron Kangas, "Christ, Our Righteousness," *Affirmation & Critique* XV:2 (Fall 2010): 89-91 တို့ကို ကြည့်ပါ။

ယုံကြည်သူများ၌ ရှိနေသည် (ဂလ၊ ၂း ၂၀။ ကော၊ ၁း ၂၇။ ၂ကော၊ ၁၃း ၅)။ သို့ဖြစ်၍ လူသည် ဖန်ဆင်းခံရသည်အတိုင်း ခရစ်တော်ကို ထည့်ဝင်ခံခြင်းဖြစ်သည်။ ယခုတွင် ယုံကြည်သူများသည် "သဏ္ဍာန်တော်နှင့်အညီ ပုံသဏ္ဍာန်ပြောင်းလဲရကြသည်" (၂ကော၊ ၃း ၁၈)။ ယင်းမှာ "ရှင်ပြန်ထမြောက်၍ ဘုန်းထင် ရှားသော ခရစ်တော်ထံသို့ ပုံသွင်းခံရခြင်းဖြစ်၍၊ ကိုယ်တော်ဖြစ်သည့်အတိုင်း တူညီရန် ပြုလုပ်ခံရခြင်းဖြစ်သည်" (ရော၊ ၈း ၂၉)။[25] ထို့ကြောင့် Witness Lee သွန်သင်ခဲ့သည့်အတိုင်း လူသည် ခရစ်တော်ကို ထည့်ဝင်ခံရန် ခရစ်တော်၏ပုံသဏ္ဍာန်တော်၌ ဖန်ဆင်းခံရသည်ဟု သွန်သင်ခြင်းမှာ လုံးလုံးကျမ်းစာဆိုင်ရာဖြစ်သည်။ ကြေညာချက်ကို လက်ရေးထိုးသူများက ထိုကဲ့သို့သော သမ္မာကျမ်းစာဆိုင်ရာ သမ္မာတရား၏မူလအခြေခံအချက်ကို ငြင်းပယ်ခြင်းမှာ ကျမ်းစာကို သူတို့၏နားလည်ခြင်းအား မေးခွန်းထုတ်စရာဖြစ်သည်။

ဤကယ်တင်ခြင်းအပိုင်း၌ လက်မှတ်ရေးထိုးသူများ၏ ထောက်ပြချက်သည့် နောက်ဆုံးအချက်မှာ အများကအသုံးပြုဖော်ပြသော "၌ ယုံကြည်"ဟူသောအချက်ကို ကျွန်ုပ်တို့က "အထဲသို့ယုံကြည်" (ဥပမာ၊ ယော၊ ၃း ၁၆။ ၁၁း ၂၅ စသည်တို့၌) ဟု သုံးနှုန်းခြင်းဖြင့် "ကယ်တင်ခြင်းအတွက် ယုံကြည်ခြင်း၏အဓိပ္ပာယ်"ကို ပြောင်းလဲလိုက်ကြသည်ဟူသော အချက်ဖြစ်သည်။ ဤပြစ်တင်ဝေဖန်ချက်ကို ဂရိစကားလုံး eis အား သန့်ရှင်းသော သမ္မာကျမ်းစာ ပြန်လည်ရယူခြင်းကျမ်း (the Holy Bible Recovery Version) မှ အောက်ခြေမှတ်စုနှင့် ဧဝံဂေလိဟောပြောသူများက အသုံးပြုကာ အလေးထားအသိအမှတ်ပြုကြသည့် *ESV Study Bible* ကျမ်းမှ အောက်ခြေမှတ်စုတို့ကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် စွပ်စွဲမှုသည် မှားယွင်းကြောင်း သိသာထင်ရှားနေပါသည်။ သန့်ရှင်းသောသမ္မာကျမ်းစာ ပြန်လည်ရယူခြင်းကျမ်းမှ အောက်ခြေမှတ်စုတွင် ခရစ်တော်*၌* ယုံကြည်ခြင်းနှင့် ကိုယ်တော့်*အထဲသို့* ယုံကြည်ခြင်းအကြားခြားနားချက်ကို ရှင်းလင်းဖော်ပြထားပါသည်။

> သခင်ဘုရားအထဲသို့ ယုံကြည်ခြင်းသည် ကိုယ်တော့်ကို ယုံကြည်ခြင်းနှင့်မတူညီပါ (၆း ၃၀)။ ကိုယ်တော့်ကို ယုံကြည်ခြင်းဟူသည်မှာ ကိုယ်တော်သည် စစ်မှန်၍ မှန်ကန်သူဖြစ်ကြောင်းကို ယုံကြည်ခြင်းဖြစ်သည်။ သို့သော်လည်း၊ ကိုယ်တော့်အထဲသို့ ယုံကြည်ခြင်း ဟူသည်မှာ ကိုယ်တော်ကို လက်ခံရရှိခြင်း၊ ကိုယ်တော်နှင့် တစ်ခုတည်းအဖြစ် ပေါင်းစည်းဆက်နွယ်သွားခြင်း ဖြစ်သည်။ ပထမမှာ

---

[25]ဓမ္မသစ် ပြန်လည်ရယူခြင်းကျမ်းမူ၊ ၂ကော၊ ၃း ၁၈ မှတ်စု ၈။

> အကြောင်း ရင်းတစ်ခုကို အပြင်ပိုင်းအနေဖြင့် အသိအမှတ်ပြုဝန်ခံခြင်းဖြစ်၍၊ နောက်တစ်ခုမှာ အသက်ကို အတွင်းပိုင်းကျကျ လက်ခံရရှိခြင်းဖြစ်သည်။[26]

*ESV Study Bible* ကျမ်းက ခရစ်တော် *၌* သို့မဟုတ် *အထဲသို့* ယုံကြည်ခြင်းအကြား အလားတူခြားနားချက်ကို ဖော်ပြထားသည်။

ထို့ကြောင့် **ငါ၌ယုံကြည်လော့** ဟူသည်မှာ ခရစ်တော်၌ တစ်ဦးချင်းဆိုင်ရာ ယုံကြည်ကိုးစားမှုကို ရည်ညွှန်းသည်။ "၌"ဟုပြန်ဆိုထားသည့် (ဂရိစကားလုံး *eis*) ဝိဘတ်သည် သိသာပေါ်လွင်သည်၊ အကြောင်းမှာ *eis* ၏မူရင်းအဓိပ္ပာယ်မှာ "အထဲသို့"ဟု ဆိုလိုပြီး၊ ခရစ်တော်၌ စစ်မှန်သော ယုံကြည်ခြင်းမှာ လူများကို ခရစ်တော် "အထဲသို့" ခေါ်ဆောင်ပေးသောအာရုံကို ဖော်ပြပေးခြင်းဖြစ်သည်။ ထိုသို့ဖြင့် သူတို့သည် ခရစ်တော်၌ နားခိုကာ၊ ခရစ်တော်နှင့်ပေါင်းစည်းသွားခြင်းဖြစ်သည် (ဤအလားတူ ဖော်ပြချက်ကို ၃း၁၆၊ ၁၈၊ ၃၆။ ၆း၃၅။ ၇း၃၈။ ၁၂း၄၄၊ ၄၆။ ၁၄း၂၂။ ၁ယော၊ ၅း၁၀ တို့တွင်လည်း တွေ့ရပါသည်)။[27]

အပြစ်ကို နောင်တရကာ ယေရှုခရစ်တော်အထဲသို့ ယုံကြည်သော မည်သည့်အပြစ်သားမဆို အပြစ်များမှ ခွင့်လွှတ်ခြင်းကို လက်ခံရရှိပြီး၊ ဘုရားသားအစစ်အမှန်ဖြစ်လာရန်နှင့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်ဖြစ်လာရန် ဘုရားဆိုင်ရာအသက်အားဖြင့် အသစ်တစ်ဖန် မွေးဖွားခြင်း ခံရသည်။ တစ်ချိန်က "ခရစ်တော်နှင့် ဝေးကွာခဲ့သောသူများ" ဖြစ်သော်လည်း၊ ယုံကြည်သူများသည် ယခုတွင် "ခရစ်တော်ယေရှု၌" ရှိကြပြီဖြစ်ပြီး(ဧ၊ ၂း၁၂–၁၃)၊ ကိုယ်တော်၌ "ဖန်ဆင်းခြင်းအသစ်" ဖြစ်ကြပြီဖြစ်သည် (၂ကော၊ ၅း၁၇)။ ထို့ကြောင့် ခရစ်တော်က ဘုရားသခင်၏ဘုန်းတော်သို့ လက်ခံယူခဲ့သည့်သူများအားလုံးကို ကျွန်ုပ်တို့လည်း လက်ခံပါသည် (ရော၊ ၁၅း၇)။

---

[26]ဓမ္မသစ် ပြန်လည်ရယူခြင်းကျမ်းမူ၊ ယော၊ ၃း၁၆ မှတ်စု ၂။

[27]ESV Study Bible, ယော၊ ၁၁း၂၅ ရှိ မှတ်စု။

## အသင်းတော်

ခရစ်တော်၏ အသွေးတော်အားဖြင့် ရွေးနုတ်ခံရပြီး၊ ဝိညာဉ်တော်အားဖြင့် အသစ်မွေးဖွားခံရသောသူအားလုံးသည် ဘုရားသခင်၏ သားသမီးများနှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော် အင်္ဂါဝင်များဖြစ်ကြောင်း ကျွန်ုပ်တို့ရှင်းလင်းစွာ သွန်သင်ကြသော်လည်း၊ ကြေညာချက်ကို လက်မှတ်ရေးထိုးသောသူတို့က ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို "ဘုရားသခင်၏ အထူးရွေးချယ်ခံရသူများ"၊ "ဘုရားသခင်၏ စစ်မှန်သောသတို့သမီး" နှင့် "နှစ်တစ်ထောင်တွင် ယေရှုနှင့်အတူ စိုးစံရန်ပြင်ဆင်ခံရသည့်လူအုပ်စု"ဖြစ်လာရန် ယုံကြည်ကြောင်းကို အခိုင်အမာ ပြောဆိုကြသည်။ ထို့အပြင် သူတို့က ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုင်ရာဝါကြွားခြင်းရှိကြောင်း၊ ခရစ်တော်၌ အခြားအသင်းတော်များ၏ အင်္ဂါဝင်များနှင့် စစ်မှန်သော မိတ်သဟာယဖွဲ့ခြင်းနှင့် အလေးထားခြင်းတို့မရှိကြောင်း၊ ကျွန်ုပ်တို့၏ ယုံကြည်ချက်များကို သိုသိပ်သော (မရိုးသားသော) နည်းလမ်း၌ ပျံ့နှံ့စေရန် အခြားခရစ်ယာန်များနှင့် မိတ်သဟာယဖွဲ့ခြင်းကိုသာ ရှာဖွေကြောင်းတို့ကို စွပ်စွဲပြောဆိုကြသည်။ လွန်ခဲ့ သောနှစ်များတွင် ပုံနှိပ်ထုတ်ဝေကာ၊ အင်တာနက်ပေါ်တွင် ပြောဆိုထားသည့် စော်ကားပုတ်ခတ်သောစာများကို ထိုလက်မှတ်ရေးထိုးသောသူများသည် ယူဆောင်ဖော်ပြခြင်းအားဖြင့် ၎င်းစကားများကို တိုက်ရိုက်ကိုးကားထားချက်များသည် တန်ဖိုးမရှိပေ။ လက်မှတ်ရေးထိုးသောသူများသည် သူတို့၏ ကိုယ်ပိုင်လေ့လာခြင်းမှတစ်ဆင့် ကျိုးကြောင်းဆင်ခြင်မှုသို့ ရောက်မလာဘဲ၊ စည်းမရှိ သူတစ်ပါး၏ အလုပ်ပေါ်တွင်သာ အမှီပြုနေခြင်းဖြစ်သည်။

ဥပမာအနေဖြင့် ကြေညာချက်များကို လက်မှတ်ရေးထိုးသောသူတို့က ပြန်လည်ရယူခြင်းကျမ်းရှိ မှတ်စုမှ အောက်ဖော်ပြပါရေးသားမှုကို ဆန့်ကျင်ကန့်ကွက်ကြသည်။ "သခင်ဘုရား၏ စကားတော်မှ တိမ်းယိမ်းလွဲချော်သွားခြင်းမှာ အယူတိမ်းခြင်းဖြစ်ပြီး၊ သခင်ဘုရား၏ နာမထက် အခြားနာမကို ယူဆောင်ခြင်းအားဖြင့် အသင်းတော်ကို အမည်နာမပေးခြင်းသည် ဝိညာဉ်ဆိုင်ရာမတရားသောမေထုန်ပြုခြင်းဖြစ်သည်"။[28] ကျွန်ုပ်တို့သည် ဤကိုးကားချက်ကို တလွဲအသုံးပြုခဲ့ကြသူများကို ယခင်ကတုံ့ပြန်ခဲ့ပြီး ဖြစ်၍၊ ကျွန်ုပ်တို့၏ ကြေညာချက်များကို ပုံနှိပ်ထုတ်ဝေခြင်းမတိုင်မီ အင်တာနက်ပေါ်တွင် အခမဲ့ အလွယ်တကူ ရရှိနိုင်ရန် တင်ထားခဲ့ပါသည်။ ကျွန်ုပ်တို့၏ တုံ့ပြန်မှု တစ်စိတ်တစ်ပိုင်းကို ဖတ်ကြည့်ကြပါစို့။

[28]ဓမ္မသစ် ပြန်လည်ရယူခြင်းကျမ်းမူ၊ ဗျာဒိတ်၊၃း၈ မှတ်စု ၃။

> သို့သော် မပြောင်းလဲသော အချက်အလက်သည် ဆက်လက်တည်ရှိနေသည် – *သမ္မာကျမ်းစာ၌* မည်သည့်ဂိုဏ်းဂဏမျှမရှိ၊ ဂိုဏ်းဂဏဆိုင်ရာ အမည်နာမများ အားဖြင့် သတ်မှတ်ထားသည့် မည်သည့်အသင်းတော်မျှမရှိသည်မှာ ရှင်းလင်းလှပါသည်။ သို့သော် သူတို့နေထိုင်နေသော နယ်မြေဒေသကို ကိုယ်စားပြုသော ဒေသန္တရအသင်းတော်များသာရှိသည် (တ၊၈း၁။ ၁၃း၁။ ရော၊၁၆း၁။ ၁ကော၊ ၁း၂။ ဗျာ၊၁း၄၊၁၁)။ *ဂိုဏ်းဂဏ* ဟူသောစကားလုံးမှာ "အမည်နာမတစ်ခု၏ ကောင်းချက်အားဖြင့် အခြားအရာများမှ ခွဲခြားသိမြင်စေသော တစ်စုံတစ်ရာ" ဟုအဓိပ္ပာယ်ရသည်။ ဂိုဏ်းဂဏအုပ်စုများသည် အခြားခရစ်ယာန်များထံမှ သူတို့ကိုယ်တိုင်ကို ခွဲခြားသိမြင်စေရန် မည်သူ၏အမည်နာမများကို ယူဆောင်ထားကြသနည်း။ သူတို့သည် ဥပမာအားဖြင့် လူသာရဲန် နှင့် ဝက်စလေယန် တို့ကဲ့သို့သော သူတို့၏ သက်ဆိုင်ရာတည်ထောင်သူထံမှ အမည်နာမများကို ယူဆောင်ရရှိထားကြသည် (၁ကော၊၁း၁၀–၁၂) သို့မဟုတ် သူတို့ကို အခြားသူများထံမှ ကွဲပြားခြားနားစေမည့် လက်တွေ့ကျင့်သုံးမှုများ သို့မဟုတ် ဩဝါဒများမှ အမည်နာမများကို ယူဆောင်ရရှိထားကြသည် – ဥပမာ၊ နှစ်ခြင်း၊ မက်သဒစ်နှင့် ပရက်စ်ဗက်တေးရီးယန်း။ အကျင့်သီလစင်ကြယ်သော ဇနီး၌ရှိရမည့် တစ်ခုတည်းသောအမည်နာမမှာ သူမ၏ခင်ပွန်းနာမည်သာဖြစ်ပြီး၊ အခြားတစ်ဦးတစ်ယောက်၏အမည်နာမ မဟုတ်ပေ။ အမည်နာမများသည် အသင်းတော်၏ တုနှိုင်းရာမဲ့ ခင်ပွန်းတည်းဟူသော ခရစ်တော်ကို သက်သေထူခြင်းမဟုတ်ဘဲ၊ ၎င်းတို့သည် အုပ်စုတစ်ခုမှတစ်ခုသို့ အုပ်စုများစွာကွဲပြားသွားစေသော ထုံးတမ်းဓလေ့သမိုင်းကြောင်း၊ လက်တွေ့ကျင့်သုံးမှုများနှင့် အထူးအလေးထားသော ဩဝါဒဆိုင်ရာများသာဖြစ်သည်။ ယင်းတို့သည် Witness Lee ဖော်ပြခဲ့သည့်အတိုင်း ဝိညာဉ်ဆိုင်ရာ မတရားသောမေထုန်ပြုခြင်းမျိုးဖြစ်သည်။ ထို့အပြင် ခရစ်တော်၏နာမထက် အခြားအမည်နာမများကို ယူဆောင်ထားခြင်းမှာ သခင်ဘုရား၏စကားတော်မှ တိမ်းယိမ်းလွဲချော်သွားခြင်းဖြစ်ပြီး၊ အမှန်တကယ်မှာ အယူလွဲခြင်း၏ပုံစံဖြစ်သည်။ ဂိုဏ်းဂဏအုပ်စုများ၌ အမည်နာမများ ကိုယ်စီရှိနေခြင်းမှာ သမ္မာကျမ်းစာ၏ဖွင့်ပြခြင်းမှ ခြားနားစွာရပ်တည်ကျင့်သုံးနေကြခြင်းဖြစ်သည်။[29]

ကျွန်ုပ်တို့သည် ဒေသန္တရတစ်ခုတွင် အသင်းတော်၏သင့်လျော်မှန်ကန်သော ထင်ရှားခြင်းနှင့် စပ်လျဉ်း၍၊ သမ္မာကျမ်းစာကို ကျွန်ုပ်တို့၏သိရှိနားလည်သည့်အတိုင်း ရပ်

[29] *A Defense of the Gospel: Responses to an Open Letter from 'Christian Scholars and Ministry Leaders' (2)"* (Fullerton: DCP Press, 2010), 97-98.

တည်စဉ်၊ ဂိုဏ်းဂဏဆိုင်ရာဝါဒဖြင့် သွေဖည်နေသောသူများအား ကျွန်ုပ်တို့နှင့်မိတ်သဟာယရှိရန်အလို့ငှာ ကျွန်ုပ်တို့လုပ်ဆောင်သည့်နည်းလမ်းအတိုင်း လုပ်ဆောင်ရမည်ဟု တောင်းဆိုမှုမပြုပါ။ တစ်နည်းဆိုသော်၊ အခြားသူများသည် ကျွန်ုပ်တို့နှင့်တွေ့ဆုံစည်းဝေးသည်ဖြစ်စေ၊ မစည်းဝေးသည်ဖြစ်စေ သူတို့သည် မြို့တစ်မြို့၌ရှိသောအသင်းတော်၏ခန္ဓာဝင်များဖြစ်ကြောင်း ကျွန်ုပ်တို့အသိအမှတ်ပြုလက်ခံပြီးဖြစ်သည်။ ဤအရာအတွက် ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေထားသော ယုံကြည်ခြင်းထုတ်ပြန်ချက်သည် ခိုင်မာသောသက်သေအထောက်အထားဖြစ်သည်။

> ခရစ်တော်၏တုနှိုင်းရာမရှိသော ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၊ ခရစ်တော်၏ လုပ်ဆောင်မှုရလဒ် (ဧ၊၁း၂၂–၂၃) မှာ ခရစ်တော်၌ စစ်မှန်သောယုံကြည်သူများအားလုံး ပေါင်းစည်းထားခြင်းဖြစ်၍ (ရော၊၁၂း၅။ ၁ကော၊၁၂း၁၂)၊ ဓမ္မသစ်ဖွင့်ပြခြင်းအရ ဒေသန္တရအသင်းတော်များ၌ အချိန်နှင့် နေရာတွင် ထင်ရှားပြီး၊ မည်သည့်နေရာတွင် သူတို့တွေ့ဆုံသည်ဖြစ်စေ သို့မဟုတ်သူတို့ကိုယ်ကိုယ် မည်သို့ဖော်ပြသည်ဖြစ်စေ၊ ထိုမြို့၌ရှိသောအသင်းတော်တွင် ထိုမြို့၌ရှိသော ယုံကြည်သူအားလုံး ပါဝင်နေပြီးဖြစ်သည် (၁ကော၊၁း၂။ ၁သက်၊၁း၁။ ဗျာ၊၁း၁၁)။[30]

ကြေညာချက်များကို လက်မှတ်ရေးထိုးထားသောသူများက ဂိုဏ်းဂဏများနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏သဘောထားဖော်ပြမှုအတွက် ကျွန်ုပ်တို့ကို ပြစ်တင်ဝေဖန်ကြပြီး၊ သူတို့၏ပြစ်တင်ဝေဖန်ခြင်းမှာ ဂိုဏ်းဂဏဆိုင်ရာအုပ်စုများ၌ တွေ့ဆုံနေကြသောကြောင့် ခရစ်ယာန်ချင်းများကို ကျွန်ုပ်တို့က ငြင်းပယ်သည်ဟု ထင်မြင်ပုံရသည်။ ဤသည်မှာ မမှန်ကန်သကဲ့သို့၊ တရားမျှတမှုလည်း မရှိပါ။ Witness Lee ၏အမှုတော်မှ အောက်ဖော်ပြပါ ကိုးကားချက်များ၌ အထောက်အထားပြထားသည့်အတိုင်း၊ ကျွန်ုပ်တို့နှင့်အတူ စည်းဝေးခြင်းမရှိသည့် ယုံကြည်သူများထံသို့ ထားရှိသော Witness Lee ၏သဘောထားမှာ အများနှင့်ဆိုင်သောသဘောထားဖြစ်၍၊ ကျွန်ုပ်တို့သည် သူသွန်သင်သည့် အတိုင်း ဆက်လက်လုပ်ဆောင်နေကြခြင်းဖြစ်သည်။

> ကျွန်ုပ်တို့သည် သန့်ရှင်းသူများကို ဘုရားသခင်လက်ခံသည့်အတိုင်း သူတို့ကိုလက်ခံရမည်ဖြစ်သည်။ ဘုရားသခင်လက်ခံသည့် မည်သူကိုမဆို ကျွန်ုပ်တို့သည် မဖြစ်မနေလက်ခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ရွေးချယ်ခွင့်မရှိပါ။ ကလေးများစွာရှိသောမိသားစုကို စဉ်းစားဆင်ခြင်ကြည့်ပါ။ အချို့သောကလေးများသည်

---

[30] https://an-open-letter.org/en/our-faith/ တွင် ရယူနိုင်ပါသည်။

လိမ္မာပြီး၊ အချို့သည် မလိမ္မာကြပါ။ အချို့သောကလေးများသည် ချစ်ဖွယ်ကောင်းပြီး၊ အချို့သည် ဆိုးသွမ်းကြသည်။ ဤသို့ကြီးမားသောမိသားစုတွင် အချို့သောကလေးများသည် သူတို့၏ညီအစ်ကိုမောင်နှမများအားလုံးနှင့် ပျော်ရွှင်မှုမရှိဘဲ ဖြစ်ကောင်းဖြစ်နိုင်ဖြစ်သည်။ သို့သော် ကလေးများသည် သူတို့၏ညီအစ်ကိုမောင်နှမများနှင့် ပတ်သက်၍ ရွေးချယ်ရန် သူတို့အပေါ်တွင် မူတည်ခြင်းမရှိကြောင်းကို နားလည်သဘောပေါက်ရမည်ဖြစ်သည်။ ၎င်းသည် သူတို့၏မိဘများအပေါ်တွင် မူတည်နေခြင်းဖြစ်သည်။ ဤမိသားစုရှိ ကလေးတစ်ယောက်က သူ၏ညီအစ်ကိုသည် အကျည်းတန်သည်ဟု ထင်မြင်၍၊ သူ့ကို မလိုလားပါက၊ သူ၏မလိုလားမှုကို သူ၏ညီအစ်ကိုအပေါ် မဦးတည်သင့်ဘဲ၊ သူ့ကို မွေးဖွားပေးသည့် မိဘများကိုသာ ဦးတည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကောင်းကင်ဆိုင်ရာ ခမည်းတော်သည် များစွာသောကလေးများ၊ များစွာ ခရစ်ယာန်များကို မွေးဖွားပေးပြီး၊ ကိုယ်တော်သည် သူတို့အားလုံးကို လက်ခံတော်မူသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏နှစ်သက်မှု သို့မဟုတ် စိတ်ဝင်စားမှုအတိုင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ လက်ခံတော်မူခြင်းအတိုင်း သူတို့ကို လက်ခံရမည်ဖြစ်သည်။[31]

အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် စစ်မှန်သော ယုံကြည်သူများအားလုံးကို လက်ခံရန်တတ်စွမ်းနိုင်သည့် အများနှင့်ဆိုင်သော သဘောထားရှိရမည်ဖြစ်သည်။ သို့သော် ဤသင်ခန်းစာကို သင်ယူရန်မှာ မလွယ်ကူပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ဖြစ်သည်နည်းတူ သူတစ်ပါးကိုလည်း ဖြစ်စေရန် အလိုရှိနေသောကြောင့်တည်း။ ကျွန်ုပ်တို့၏အကျိုးအလို့ငှာ အခြားသူများကို တောင်းဆိုခြင်း သို့မဟုတ် သူတို့၏နည်းလမ်းကို ပြောင်းလဲစေသည့် သတ်မှတ်ခြင်းများကို မပြုဘဲနေကြပါစို့။ ထိုအစား၊ ကျွန်ုပ်တို့သည် အမျိုးစုံဖြစ်ခြင်း၌၊ ဓလေ့ထုံးစံကိုက်ညီခြင်းမဟုတ်ဘဲ အမျိုးစုံဖြစ်ခြင်း၌ စည်းလုံးညီညွတ်ကြပါစို့။ ထိုသို့အမျိုးစုံဖြစ် ခြင်းရှိနေမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်းရှိနေကြဆဲဖြစ်သည်။[32]

လက်မှတ်ရေးထိုးသောသူများက ကျွန်ုပ်တို့သည် ဂိုဏ်းဂဏများမှ ယုံကြည်သူများအား ကျွန်ုပ်တို့နှင့် တွေ့ဆုံစည်းဝေးစေရန် သို့မဟုတ် သူတို့ထက် ကျွန်ုပ်တို့သည် တစ်စုံတစ်ရာ ပို၍ကောင်းသည်ဟု ထင်မြင်စေရန် လွှမ်းမိုးခြင်းငှာ လျှို့ဝှက်စွာကြိုးစားကြ

---

[31] Witness Lee, *Life-study of Romans* (Anaheim: Living Stream Ministry, 1984), 331.

[32] အထက်ဖော်ပြပါ မှတ်စုအညွှန်းမှ စာ 622.

ကြောင်း ပြင်းထန်စွာ ထင်မြင်ချက်ပေးကြသည်။ သို့သော် ယခုတစ်ဖန်တွင်လည်း လက်မှတ်ရေးထိုးသူများက ပေးလိုသည့် ထင်မြင်ချက်မှာ Witness Lee ကိုယ်တိုင်၏ စကားများမှာ ဆန့်ကျင်ကွဲလွဲနေသည်။

> ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အစေခံသည့် သခင်ဘုရားရှေ့တော်တွင် ရပ်နေကြပြီး၊ ကျွန်ုပ်တို့နှင့်အတူ ရှိလာရန် မည်သူတစ်ဦးကိုမျှ ဆွဲဆောင်မည့်ရည်ရွယ်ချက် မရှိပါ။ ကျွန်ုပ်က "သင့်အဖို့ အကျိုးရှိနေသရွေ့ သင်ရွေးချယ်သော မည်သည့် နေရာ၌မဆို တွေ့ဆုံနိုင်သည်" ဟု ပြောခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်သည် "ကျွန်ုပ်တို့နှင့် တွေ့ဆုံရန် ဤနေရာသို့ သင်ရောက်လာခြင်းသည် အကောင်းဆုံးဖြစ်သည်"ဟု မည်သူတစ်ဦးတစ်ယောက်ကိုမျှ အထူးသဖြင့် ညီအစ်ကိုများကို ဘယ်သောအခါမှ မတောင်းဆိုပါ။[33]

ကျွန်ုပ်တို့သည် အခြားခရစ်ယာန်အုပ်စုများမှ ခရစ်ယာန်တို့ကို မငြင်းပယ်သင့်ပါ၊ သူတို့ကို ရှာဖွေရန်လည်း မလိုအပ်ပေ။ သခင်ဘုရားသည် အခြားခရစ်ယာန် အုပ်စုများမှ ယုံကြည်သူတို့ကို ရှာဖွေရန် ကျွန်ုပ်တို့ကို အလိုရှိမည်ဟု ကျွန်ုပ်မယုံကြည်ပါ။ သခင်ဘုရားသည် ကျွန်ုပ်တို့အား နေရာတိုင်းကို ဧဝံဂေလိဟောပြောရန်နှင့် သူ၏များစွာသောသားသမီးတို့အား အသက်ကို အမှုဆောင်ရန် အလိုရှိကြောင်း ကျွန်ုပ်ယုံကြည်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အလယ်တွင် သူ၏ သားသမီးတို့ကို လွှမ်းမိုးနိုင်မည့်အခြေအနေကို အလိုရှိတော်မူသည်။

လူများတွေ့ဆုံစည်းဝေးသောနေရာနှင့် သခင်ဘုရားကို သူတို့အစေခံခြင်းတို့သည် သူတို့နှင့် သခင်ဘုရားအကြားရှိ အကြောင်းအရာ လုံးလုံးဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအရာများတွင် ကြားဝင်စွက်ဖက်၍ မရနိုင်ပါ။ ဤခေတ်ကာလတွင် ကျွန်ုပ်တို့သည် သူတစ်ပါးအား အသက်ကို အမှုဆောင်ပေးရမည်ဖြစ်သည်။ လူများသည် ကျွန်ုပ်တို့ကို ဆက်သွယ်သောအခါ၊ သူတို့သည် ကျွန်ုပ်တို့၌ မမေ့နိုင်သော တစ်စုံတစ်ခုကို ထိတွေ့ရမည်ဖြစ်သည်။ သူတို့ယူဆောင်သောနည်းလမ်း သို့မဟုတ် သူတို့တွေ့ဆုံသောနေရာသည် ပြဿနာမဟုတ်ပေ။ ကျွန်ုပ်တို့၏ အစည်းအဝေးများသည် ခရစ်ယာန်အဖွဲ့အစည်း၌ ရှိသောသူတို့ထက် ပို၍

[33] Witness Lee, *Three Aspects of the Church: The Course of the Church* (Anaheim: Living Stream Ministry, 2006), 81.

ကောင်းမွန်သည် သို့မဟုတ် ကျွန်ုပ်တို့၏ အစည်းအဝေးများ၌ များပြားသောလူ အရေအတွက်ရှိသည်ဟု မစဉ်းစားသင့်ပါ။[34]

လက်မှတ်ရေးထိုးသောသူများက ကျွန်ုပ်တို့ကို သီးခြားသီးသန့်ဖြစ်စေရန် ပူးပေါင်း အားထုတ်ကြိုးပမ်းကြသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာ တော်၌ ကွဲပြားခြင်းကို ဖြစ်စေသည့် ဂိုဏ်းဂဏဆိုင်ရာအယူဝါဒကို အတည်ပြုလက်ခံရန် သြတ္တပ္ပစိတ်သည် ကျွန်ုပ်တို့ကို ခွင့်မပြုသော်လည်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်လက်ခံ တော်မူသည့်ခရစ်တော်၌ရှိသောယုံကြည်သူများ အားလုံးကိုလက်ခံသောကြောင့်တည်း။

[34] အထက်ဖော်ပြပါ မှတ်စုအညွှန်းမှ စာ 217-218.

## နိဂုံး

ကြေညာချက်ကို လက်မှတ်ရေးထိုးသောသူတို့သည် Witness Lee ၏ အမှုတော်ကို ပြင်းပြင်းထန်ထန် သဘောမတူကြောင်း ဖော်ပြကြသည်။ ထိုအမှုတော်သည် သန်းပေါင်းများစွာကို အတိုင်းမသိအကျိုးကျေးဇူးရရှိစေခြင်း၊ သမ္မာကျမ်းစာကို သိရှိရန် ကူညီပေးခြင်း၊ ကျွန်ုပ်တို့၏ သခင်ဘုရားနှင့် ကယ်တင်ရှင်ဖြစ်သော ယေရှုခရစ်ကို ချစ်ခြင်း၊ သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း၌ ကြီးထွားစေခြင်းစသည်တို့ကို ဖြစ်စေသည်။ ဤအမှုတော်မှ ကြွယ်ဝသော အကျိုးကျေးဇူးခံစားရသူအချို့တို့သည် ဝေဖန်အပြစ်မြင်သူများအားဖြင့် ဤအမှုတော်မှ လှည့်ပြန်သွားခဲ့ကြသည်ကို ကျွန်ုပ်တို့ဝမ်းနည်းကြေကွဲခဲ့ရသည်။ ထိုဝေဖန်အပြစ်မြင်သူများသည် Witness Lee သွန်သင်ခဲ့သောအရာနှင့် ဒေသန္တရအသင်းတော်များ ယုံကြည်သောအရာတို့ကို အမှန်ပင် မသိရှိသကဲ့သို့၊ သိရှိရန်လည်း မရှာဖွေကြပေ။ မည်သို့ဆိုစေ၊ ကျွန်ုပ်တို့သည် အားလုံး၏ အရှင်သခင်ဖြစ်သော တူညီသည့်ခရစ်တော်ကို ယုံကြည်ကိုးကွယ်သော ယုံကြည်သူများနှင့် လိုက်လျောညီထွေရှိသည့်အတိုင်း နားလည်မှုလွဲမှားခြင်းများကို ဖြေရှင်းရန်နှင့် သူတို့ကို စစ်မှန်သောမိတ်သဟာယအထဲသို့ ခေါ်ဆောင်ရန် အားထုတ်ကြိုးပမ်းရာတွင် ကြေညာချက်ကို လက်မှတ်ရေးထိုးသောသူများနှင့်လည်း အပြန်အလှန် ဆက်လက်ဆွေးနွေးလိုသေးသည်။ သခင်ဘုရားသည် သူ၏ သန့်ရှင်းသူများအား “ငါတို့ရှိသမျှသည် ယုံကြည်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ကြသည့်တိုင်အောင်” ကောင်းချီးပေးတော်မူပါစေသော (ဧ၊၄း၁၃)။

သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော လုပ်ဖော်ဆောင်ဖက်များ၏ ကိုယ်စား၊
*On behalf of the co-workers in the Lord’s recovery:*

Ray Macnee

D. Colley Joseph

မြန်မာပြည်နှင့် အမေရိကန်၌ရှိသော ဒေသန္တရအသင်းတော်များ၏ ကိုယ်စားပြုသူများ၊
*Representatives of local churches in Myanmar and the United States:*

Noah Naw Aung
Myanmar

Haung Khaung (Howard)
Myanmar

Tumai Npawt
United States of America

James Kennedy
United States of America